မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၂၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့အစီအစဉ်များ)သို့ တက်ရောက်

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့အစီအစဉ်များ)သို့ တက်ရောက်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့အစီအစဉ်များ)သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးပညာရှင်များ၊ စာတမ်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အပိုင်း (၁)

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် အပိုင်း(၁) လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ထုတ်လုပ်မှုစရိတ်လျှော့ချရေးနှင့် နည်းပညာဖွံ့ဖြိုးရေးကဏ္ဍ၌ သဘာပတိအဖြစ် စိုက်ပျိုးရေးပညာရှင် ဒေါက်တာစိန်လှမိုလ်က ဆောင်ရွက်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်က ကျေးလက်ဒေသ တောင်သူများ ဝင်ငွေတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် မျိုးစေ့စိုက်ပျိုးထုတ်လုပ်ရေး စာတမ်းကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ရေစီမံခန့်ခွဲမှု အခန်းကဏ္ဍစာတမ်းကိုလည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခ ဒေါက်တာဒေါ်လီကျော်က တောင်သူစီးပွားတွက်ခြေကိုက်ရေးနှင့် လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး စာတမ်းကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြံပေး ဒေါက်တာမောင်အောင်က ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်စေခြင်း(ကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်ခြင်း)ဖြင့် လယ်ယာထွက်ကုန်များ တိုးချဲ့ထုတ်လုပ် တင်ပို့နိုင်မှုမှတစ်ဆင့် ကျေးလက်ဆင်းရဲမှု လျှော့ချရေးစာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

အပိုင်း (၂)

ဆက်လက်၍ အပိုင်း(၂) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် စုစည်းလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ သဘာပတိအဖြစ် ပညာရှင် ဦးဆက်အောင်က ဆောင်ရွက်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ကျေးလက်သားငါးကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင်မှသည် အစုအဖွဲ့ဆီသို့ စာတမ်းကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှု အထောက်အကူပြု ရေလုပ်ငန်းကုန်ထုတ်အစုအဖွဲ့များ၏ အနာဂတ်အခန်းကဏ္ဍ စာတမ်းကိုလည်းကောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ❖

❖ *ရှေ့ဖုံးမှ*

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် နည်းပညာပြောင်းလဲကျင့်သုံးရေး၊ ပေါင်းစည်းလယ်ယာမြေဖော်ထုတ်ရေးနှင့် ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု ထုတ်လုပ်ရေးစာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို နေ့လယ်ပိုင်းတွင် ဆက်လက်ကျင်းပရာ အပိုင်း(၃) အသေးစားငွေချေးလုပ်ငန်းနှင့် ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ကဏ္ဍ၌ သဘာပတိအဖြစ် သံအမတ်ကြီး (အငြိမ်းစား) ဦးလှမောင်က ဆောင်ရွက်ပြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက သမဝါယမအသင်းများမှ ဆောင်ရွက်လျက်ရှိသော အသေးစားငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးရှင်သန်ရေးဆိုင်ရာစာတမ်းကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုတွင် အထူးပြုကုမ္ပဏီများ၏ အရေးပါပုံစာတမ်းကို လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးနေအေးက မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးကို အထောက်အကူပြုမည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများကို စနစ်တကျ တိုးချဲ့ဆောင်ရွက်ရေးစာတမ်းကိုလည်းကောင်း တင်သွင်းကြသည်။

ဖတ်ကြားတင်သွင်း

ဆက်လက်၍ အပိုင်း(၄)ကျေးလက်စက်မှုဖွံ့ဖြိုးရေး၊ အသေးစား စက်မှုလုပ်ငန်းများနှင့် ကာလရှည်ကျေးလက်ဖွံ့ဖြိုးမှုကဏ္ဍ၌ သဘာပတိအဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆောင်ရွက်ပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန စီးပွားရေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါ်တင်မာလာက ကျေးလက်ဒေသစက်မှုထူထောင်ရေးစာတမ်းကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပထဝီဝင်ဌာနမှ လက်ထောက်ကထိက ဒေါက်တာမေသူနိုင်က အိမ်တွင်းစက်မှုလုပ်ငန်းများ စာတမ်းကိုလည်းကောင်း၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလွင်က ကာလရှည်ကျေးလက်ဖွံ့ဖြိုးရေး နည်းဗျူဟာများစာတမ်းကိုလည်းကောင်း၊ အကြီးစားစက်မှုစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထိုက်က လယ်ယာကဏ္ဍနှင့်ပတ်သက်သည့် ကျေးလက်ထုတ်ကုန်များ တိုးတက်ထွက်ရှိရန် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော စက်ကိရိယာများ အသုံးချ၍ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ လေ့လာဆန်းစစ်ချက်စာတမ်းကိုလည်းကောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက အသေးစားစက်မှုလက်မှု လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုစာတမ်းကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က စက်မှုလယ်ယာစနစ်ကျင့်သုံးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးစာတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့ အစီအစဉ်များ) တွင် စုစုပေါင်း ပညာရှင် ၁၆ ဦးက စာတမ်း ၁၆ စောင်ကို ဖတ်ကြားတင်သွင်းဆွေးနွေးကြသည်။

အဆိုပါ စာတမ်းများအပေါ် တက်ရောက်လာကြသူများက ဝိုင်းဝန်းမေးမြန်းဖြည့်စွက် ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့ အစီအစဉ်များ)ကို ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

အလုပ်ရုံဆွေးနွေးပွဲ (တတိယနေ့ အစီအစဉ်များ)ကို မေ ၂၂ ရက် နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့အစီအစဉ်များ)တွင် အပိုင်း(၁) လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး၊ ထုတ်လုပ်မှုစရိတ် လျှော့ချရေးနှင့် နည်းပညာဖွံ့ဖြိုးရေးကဏ္ဍ၌ စိုက်ပျိုးရေးပညာရှင် ဒေါက်တာစိန်လှမိုလ် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့အစီအစဉ်များ)တွင် အပိုင်း(၃) အသေးစားငွေချေးလုပ်ငန်းနှင့် ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကဏ္ဍ၌ သံအမတ်ကြီး(အငြိမ်းစား) ဦးလှမောင် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး ကျေးလက်သားငါးကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင်မှသည် အစုအဖွဲ့ဆီသို့ စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပထဝီဝင်ဌာနမှ လက်ထောက်ကထိက ဒေါက်တာမေသူနိုင် အိမ်တွင်းစက်မှုလုပ်ငန်းများစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့အစီအစဉ်များ) ကျင်းပစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်

မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၀ ရက် နံနက်ပိုင်းတွင် မအူပင်ခရိုင်ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ခုတင် (၅၀)ဆံ့ ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော လူနာများအား ပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသော ထာဝရ ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းကာ ဒေသခံအလှူရှင်များနှင့် လုပ်ငန်းရှင်များ၏ လှူဒါန်းငွေများကို လက်ခံသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ညောင်တုန်းမြို့ တူးချောင်းကျေးရွာအုပ်စု၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး မှာကြားသည်။

တွေ့ဆုံမှာကြား

ဆက်လက်၍ ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စုရှိ ရွှေညောင်နှစ်ပင်အထွက်တိုး မျိုးသန့်စိုက်ပျိုးရေးခြံ၌ တောင်သူများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများအပေါ် ဆွေးနွေးမှာကြားသည်။

လှူဒါန်း

ဆက်လက်၍ (၂၅)ခုတင်ဆံ့ ပန်းတနော်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေသော လူနာများအား ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်၍ ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသော ထာဝရ ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၂၁

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသူက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၁၀ ခုနှစ်လုပ်ငန်းဆောင်ရွက်ချက်များနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့များ၏ ဆောင်ရွက်ချက်များကို တင်ပြကြပြီး ခရိုင် (၄)ခရိုင် အမျိုးသမီးရေးရာအဖွဲ့များသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ထုတ်ချေးသောစနစ်သစ်ဖြင့် ဆောင်ရွက်သည့် Micro Credit အသေးစားချေးငွေများကို ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

လကမ္ဘာမှ ကောက်ယူခဲ့သောကျောက်တုံး မှောင်ခိုရောင်းရန်ကြိုးစားသည့် အမျိုးသမီးအားဖမ်းဆီး

လော့စ်အိန်ဂျလိစ် မေ ၂၁

လကမ္ဘာမှ ကောက်ယူခဲ့သည့် ရှားပါးကျောက်တုံးတစ်တုံး (အောက်ပုံ)**ကို မှောင်ခိုရောင်းချရန်ကြိုးစားသည့် အမျိုးသမီးတစ်ဦးအား နာဆာစုံစမ်းစစ်ဆေးရေးမှူးများက ဖမ်းဆီးလိုက်ကြောင်း မေ ၂၀ ရက်က အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။**

လကမ္ဘာမှ ကောက်ယူခဲ့သော ကျောက်တုံးများသည် နိုင်ငံ၏ရတနာတစ်ပါးဖြစ်ကြောင်း၊ တရားမဝင်ရောင်းချခြင်း မပြုလုပ်သင့်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ပေးအပ်ခဲ့

မီးခိုးရောင်အဆင်းရှိ ထိုကျောက်တုံးများကို အမေရိကန်နိုင်ငံကသမ္မတရစ်ချတ်နစ်ဆင် လက်ထက်တွင် နိုင်ငံပေါင်း ၁၃၆ နိုင်ငံသို့ လက်ဆောင်အဖြစ်ပေးအပ်ခဲ့ကြောင်း၊ ယင်းလပေါ်မှ ကျောက်တုံးများကို မှောင်ခိုဈေးကွက်တွင် ရောင်းဝယ်လျက်ရှိကြောင်း နာဆာက ပြောကြားသည်။

နာဆာ စုံစမ်းစစ်ဆေးရေးမှူးများက ဖမ်းဆီးခဲ့သည့် ၎င်းအမျိုးသမီးအမည်ကို ချက်ချင်းအတည်မပြုနိုင်သေးကြောင်း၊ ၎င်းကို လော့စ်အိန်ဂျလိစ်မြို့ အရှေ့တောင်ဘက် မိုင် ၇၀ အကွာ လိတ်အယ်လ်စီနိုးရှိ စားသောက်ဆိုင် တစ်ဆိုင်အတွင်း၌ မေ ၁၉ ရက်က ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း နာဆာက ပြောကြားသည်။

ယင်းကျောက်တုံးကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်းဖြင့် ရောင်းချရန် ရောင်းသူနှင့်ဝယ်သူ သဘောတူပြီးနောက် အမျိုးသမီးက ကျောက်တုံးကို ထုတ်ပြနေစဉ် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

လကမ္ဘာမှ ကောက်ယူခဲ့သော ကျောက်တုံးများကို ဂျွန်ဆင်အာကာသစခန်း၌ ပြသထားရာမှ ပျောက်ဆုံးခဲ့ရာ စုံစမ်းထောက်လှမ်းနေသည်မှာ နှစ်အတန်ကြာပြီဖြစ်ကြောင်း နာဆာစုံစမ်းစစ်ဆေးရေးမှူးဟောင်း ဂျိုးဆက်ဂွတ်ဟိန့်ဇ်က ပြောကြားသည်။

ကောက်ယူခဲ့

အဆိုပါ ကျောက်တုံးများသည် ၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ် အတွင်း အပိုလို လကမ္ဘာဆင်း ယာဉ်နှင့်အတူ လိုက်ပါခဲ့သော အာကာသယာဉ်မှူးများက ကျောက်တုံးနမူနာ ၂၂၀၀ ခန့် ကောက်ယူခဲ့ကြောင်း နာဆာက ပြောကြားသည်။

ထိုကောက်ယူခဲ့သောကျောက်တုံး ၇၀ ရာခိုင်နှုန်းကို ဂျွန်ဆင်အာကာသစခန်း၌ပြသထားပြီး ၁၄ ရာခိုင်နှုန်းကို နယူးမက္ကဆီကို၌ ပြသထားသည်။ အမေရိကန်က ယင်းကျောက်တုံးများကို နိုင်ငံပေါင်း ၁၃၆ နိုင်ငံသို့ လက်ဆောင်အဖြစ်ပေးခဲ့သော်လည်း ၁၀ နိုင်ငံ၌သာ ယင်းကျောက်တုံးများ ပြသနိုင်တော့ကြောင်း၊ ဟွန်ဒူးရပ်စ်၌ ၁၉၉၈ ခုနှစ်က နာဆာမှရသည့် လကျောက်တုံးတစ်တုံးကို အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ရောင်းချရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ကဘူးလ်မြို့ဆေးရုံ၌ ဗုံးခွဲတိုက်ခိုက် ခြောက်ဦးသေ၊ ၂၃ဦး ဒဏ်ရာရရှိ

ကဘူးလ် မေ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ဆေးရုံ၌ မေ ၂၁ ရက်က အသေခံဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၂၃ ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အသေခံ ဗုံးခွဲတိုက်ခိုက်ရေးသမားသည် ဆေးကျောင်းသားများ နေ့လယ်စာစားသုံးနေသော ချာဆက်ဘီစတာဆေးရုံ၏ မြေအောက်ခန်းတွင် ကြိုတင်ကြံစည်ကာ ချိန်ကိုက်ဗုံးထောင်ထားပြီး ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

လက်ချက်ဖြစ်

ယင်းဆေးရုံသည် အာဖဂန်တပ်ဖွဲ့ဝင်များအား ကုသပေးနေသည့် ဆေးရုံဖြစ်ပြီး အမေရိကန်သံရုံးနှင့် နိုင်ငံတကာတပ်ဖွဲ့ ဌာနချုပ်အနီးတွင် ရှိသည်။ တာလီဘန်တို့က ယင်းတိုက်ခိုက်မှုသည် ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

(အင်တာနက်)

ပါကစ္စတန်၌ နေတိုးဆီတင်ကားများ တိုက်ခိုက်ခံရ

အစ္စလမ္မာဘတ် မေ ၂၁

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် မေ ၂၀ ရက်ညပိုင်းက အာဖဂန်နစ္စတန်နိုင်ငံသို့ သွားမည့် နေတိုးလောင်စာဆီတင်ကားအချို့ တိုက်ခိုက်မှုခံရသဖြင့် မီးလောင်ကျွမ်းပျက်စီးခဲ့ပြီး မီးလောင်မှုတွင် ၁၅ ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်း သတင်းဌာနများက ဖော်ပြသည်။ **(အပေါ်ပုံ)**

ဖြစ်ပွားခဲ့

ခိုင်ဘာဒေသ ကဒ်ဂျာခဲလ်နယ်မြေ ကော့ခမ်းမြို့ရှိ နေတိုးလောင်စာဆီတင်ကားများ ရပ်နားထားရာ ကားပါကင်ကြီးတွင် ကားတစ်စီးကို လက်နက်ကိုင်တစ်စုက တိုက်ခိုက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ ကျန်ဆီတင်ကားအချို့ပါ မီးကူးစက်လောင်ကျွမ်းသွားခဲ့ကြောင်း၊ ထိုနေရာဝန်းကျင်တွင် နေထိုင်သူများသည် လောင်စာဆီတင်ကားတစ်စီးမှ ဆီများယိုစိမ့်နေသည်ကို ယူငင်ရန် စုရုံးနေစဉ် ပေါက်ကွဲမှုထပ်မံဖြစ်ပြန်သဖြင့် လူ ၁၅ ဦးသေဆုံးခဲ့ရကြောင်း အဆိုပါသတင်းဌာနများက ဖော်ပြသည်။

(အင်တာနက်)

သန္တာကျောက်တန်းထိန်းသိမ်းရေး လမ်းညွှန်စာအုပ် အင်ဒိုနီးရှားနှင့်ဩစတြေးလျ ပူးတွဲထုတ်ဝေ

ဂျကာတာ မေ ၂၁

ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်မှ သန္တာကျောက်တန်းနှင့် ရာသီဥတုပြောင်းလဲမှုထိန်းသိမ်းရေး လမ်းညွှန်စာအုပ်ကို အင်ဒိုနီးရှားဘာသာဖြင့် မေ ၂၀ရက်က အင်ဒိုနီးရှားနိုင်ငံ၌ စတင်ထုတ်ဝေလိုက်သည်။

ပူးတွဲထုတ်ဝေ

အဆိုပါစာအုပ်ကို အင်ဒိုနီးရှားအဏ္ဏဝါနှင့် ငါးလုပ်ငန်းဝန်ကြီး ဖီဒယ်မိုဟာမက်နှင့် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး ဂရက်မိုရီယန်တီတို့က ပူးတွဲထုတ်ဝေလိုက်ခြင်းဖြစ်သည်။

အသိအမှတ်ပြု

ဝန်ကြီးဖီဒယ်မိုဟာမက်နှင့် ကွင်းစလန်းတက္ကသိုလ်တို့က အင်ဒိုနီးရှားဘာသာပြန်ရေးကို စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသိပ္ပံ၌ သုတေသနပြုမှုတွင် ကမ္ဘာ့အဆင့်မီကြောင်း အသိအမှတ်ပြုခံရသည်။

အဆိုပါလမ်းညွှန်စာအုပ်ဖြင့် လှပသောအင်ဒိုနီးရှား သန္တာကျောက်တန်းများကို ထိန်းသိမ်းရာ၌ အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် ဝမ်းသာကြောင်း သံအမတ်ကြီး ဂရက်မိုရီယန်တီက ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

နီကာရာဂွါနိုင်ငံရှိ တီလီဂါမီးတောင်လှုပ်ရှားလာ အနီးရှိဒေသခံများပြောင်းရွှေ့

မာနာဂွါ မေ ၂၁

နီကာရာဂွါနိုင်ငံအနောက်ပိုင်း တီလီဂါအမည်ရှိ မီးတောင်သည် မေ ၂၀ ရက်က ထပ်မံလှုပ်ရှားလာသဖြင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ဒေသခံရာပေါင်းများစွာအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း နီကာရာဂွါအရာရှိများက မေ ၂၁ ရက်၌ ပြောကြားသည်။

ရွှေ့ပြောင်းနေ

တီလီဂါမီးတောင်အနီး တည်ဆောက်ထားသော စက်ရုံတစ်ရုံမှ အလုပ်သမား ၆၀၀ ကျော်ကိုလည်း အမြန်ရွှေ့ပြောင်းပေးနေရကြောင်း၊ မီးတောင်အနီး ပတ်ဝန်းကျင်၌ နေထိုင်ကြသော ဒေသခံများအနက် အမျိုးသမီးနှင့် ကလေးငယ်များကို ဦးစားပေးကာ ဘေးကင်းရာသို့ ရွှေ့ပြောင်းနေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထပ်မံလှုပ်ရှား

တီလီဂါမီးတောင်သည် အမြင့်ပေ ၃၄၈၀ ရှိပြီး ပြီးခဲ့သည့် ဧပြီလမှ စတင်လှုပ်ရှားလာကာ မီးခိုးများ၊ ပြာမှုန်များထွက်ရှိနေခြင်းဖြစ်ပြီး ယခုအခါ ယင်းမီးတောင် ထပ်မံလှုပ်ရှားလာခြင်းဖြစ်ကြောင်း နီကာရာဂွါ အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် ➢ စုစည်းသည်



ဆေးဂုံမြစ်အတွင်း ရေယာဉ်ပေါ် မွေးနေ့ပါတီကျင်းပ ရေယာဉ်နစ်မြုပ်၍ ၁၅ ဦးသေဆုံး

ဟန္နိုင်း မေ ၂၁

ဗီယက်နမ်နိုင်ငံတောင်ပိုင်းတွင် မေ ၂၀ ရက်က နှစ်ထပ်ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ ကမ္ဘာလှည့်ခရီးသွား လေးဦးအပါအဝင် ၁၅ ဦးသေဆုံးခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက မေ ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

နစ်မြုပ်ခဲ့

ဖြစ်ပွားမှုမှာ ဗီယက်နမ်နိုင်ငံ ဘင်ဒေါင်းပြည်နယ်ရှိ ဆေးဂုံမြစ်အတွင်း နှစ်ထပ်ရေယာဉ်ဖြင့် မိသားစုမွေးနေ့ပါတီပွဲကျင်းပနေစဉ် မေ ၂၀ ရက်၌ ည ၇ နာရီခန့်က လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ယင်းနှစ်ထပ်ရေယာဉ် နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။

ဆောင်ရွက်

အဆိုပါနှစ်ထပ်ရေယာဉ်ပေါ်တွင် မိသားစုဝင် စုစုပေါင်း ၂၆ ဦးလိုက်ပါခဲ့သည်။ ရေယာဉ်နစ်မြုပ်ရာသို့ ဗီယက်နမ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

(အင်တာနက်)

တူရကီ၌ ပင်လယ်ပြင်အတွင်း ရဟတ်ယာဉ်ပျက်ကျ

အစ္စတန်ဘူလ် မေ ၂၁

တူရကီနိုင်ငံ အစ္စတန်ဘူလ်ရေလက်ကြား၏ ဘေကိုဇ်ကမ်းခြေ ကမ်းလွန်ပင်လယ်အတွင်းသို့ ရဲတပ်ဖွဲ့ရဟတ်ယာဉ်တစ်စင်း မေ ၂၁ ရက်က ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူ လေးဦး သေဆုံးခဲ့ကြောင်း အနာတိုလီရာသတင်းဌာနက သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

ရဟတ်ယာဉ်ပျက်ကျမှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ကြောင်း၊ လေယာဉ်မှူးမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း၊ သေဆုံးသူများကို အစ္စတန်ဘူလ်မြို့ ဆိပ်ကမ်းသို့ သယ်ဆောင်လာခဲ့ကြောင်း ၎င်းသတင်း၌ ဖော်ပြထားသည်။

စုံစမ်းစစ်ဆေး

ရဟတ်ယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး အသေးစိတ် အချက်အလက်များကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တူရကီရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၁ ဖွင့်ပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ၏ ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်နည်းပညာများ၊ ဆက်သွယ်ရေးကိရိယာများ၊ Mobile နည်းပညာနှင့် ပစ္စည်းများပြသထားသည့် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၁ (The 7th Myanmar ICT Exhibition 2011)ဖွင့်ပွဲ အခမ်းအနားကို မေ ၂၀ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်ချီးမြှင့်ပြီး ပြပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်က ပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၁ကို တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များ အသင်းဥက္ကဋ္ဌ ဦးရဲရင့်ဝင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ ပြပွဲခန်းမအတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ပြပွဲတွင် ကုမ္ပဏီ ၅၉ခုမှ ပြခန်းပေါင်း ၁၅၆ခန်း ပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံ

ပုဇွန်တောင်မြို့နယ် ရေကျော် မဟာဇေယျာလမ်း အမှတ်(၂)နေ ဦးခင်မောင်ဦး - ဒေါ်ယဉ်ယဉ်ဆွေ မိသားစုက ဦးခင်မောင်ဦး၏ (၄၆)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်း လူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် ရေးသားသည်

အင်ဒဲဗားယာဉ်မှူးနှစ်ဦး အာကာသအတွင်း လမ်းလျှောက်မှုအောင်မြင်

ဝါရှင်တန် မေ ၂၁

အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးနှစ်ဦးသည် အာကာသအတွင်း လမ်းလျှောက်မှုကို မေ ၂၀ ရက်က အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း နာဆာက ပြောကြားသည်။ အင်ဒဲဗားယာဉ်၏ STS-134 မစ်ရှင်တွင် အာကာသအတွင်း လေးကြိမ်တိုင်လမ်းလျှောက်ရန် စီစဉ်ထားခဲ့ရာ ယခုပထမအကြိမ် အာကာသလမ်းလျှောက်မှုအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အောင်မြင်

ယာဉ်မှူးအင်ဒရူးဖူစတဲလ်နှင့် ဂရစ်ချ်ချန်မီတော့ဖ်တို့နှစ်ဦးသည် ဂရင်းနစ်စံတော်ချိန် ၁ နာရီ ၂၉ မိနစ်တွင် အာကာသအတွင်း ၆ နာရီနှင့် ၁၉ မိနစ်ကြာ လမ်းလျှောက်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ပြင်ပဝိုင်ယာလက် ဆက်သွယ်ရေးစနစ်အတွက် အင်တင်နာတပ်ဆင်ခြင်းကိုလည်း အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ (အောက်ပုံ)

အာကာသလမ်းလျှောက်မှုအစီအစဉ်၏ ရည်မှန်းကြာချိန်မှာ ၆ နာရီနှင့် မိနစ် ၃၀ ဖြစ်သော်လည်း ၁၀ မိနစ်လျော့နည်းကာ ၆ နာရီနှင့် မိနစ် ၂၀ ခန့်ဖြင့် အာကာသလမ်းလျှောက်မှုပြုလုပ်နိုင်ခဲ့ကြောင်း၊ ချန်မီတော့ဖ်၏ အာကာသဝတ်စုံရှိ ကာဗွန်ဒိုင်အောက်ဆိုက် အာရုံခံကိရိယာ ချွတ်ယွင်းခဲ့ခြင်းကြောင့် လမ်းလျှောက်မှုကို သတ်မှတ်ချိန်မရောက်မီရပ်နားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)



ကုန်စည်ပြပွဲ မန္တလေး၌ ကျင်းပ
FATHERLAND ပြခန်းပါဝင်ပြသ

မန္တလေး မေ ၂၁

FATHERLAND Construction & Decoration Co., Ltd. မှ Main Sponsor အဖြစ် ပံ့ပိုးကူညီ၍ Myanmar ANAWRAHTA Business Group က ကြီးမှူးကျင်းပသော The Best Life Style of Electronic & Living Product Expo ပြပွဲဖွင့်ပွဲကို မေ ၁၉ ရက်က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါပြပွဲကို မေ ၁၉ ရက်မှ ၂၂ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ပြသလျက်ရှိရာ FATHERLAND Construction & Decoration Co.,Ltd. ပြခန်း ပါဝင်ပြသလျက်ရှိပြီး အဆိုပါ ပြခန်းတွင် Condominium, Room Type, Hall Type နှင့် ရိုးရိုးတိုက်ခန်းများကို လစဉ်ငွေပေးသွင်းခြင်းနှင့် အရစ်ကျငွေပေးသွင်းခြင်းစနစ်တို့အပြင် အများပြည်သူများအားလုံး အဆင်ပြေချောမွေ့စေရန်အတွက် အခြားငွေပေးချေမှုစနစ်များဖြင့်လည်း ညှိနှိုင်းရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ အရောင်းမြှင့်တင်ရေးကာလအတွင်း Decoration လုပ်ငန်းများ၊ Renovation လုပ်ငန်းများ၊ Wallpaper ၊ ဝါးပါကေး၊ Ready Made ပါကေးများကိုလည်း Discount (5 % to 20%) လျှော့ချခဲ့ကြောင်း သိရှိရပြီး FATHERLAND Construction & Decoration Co., Ltd.နှင့် ဆက်သွယ်စုံစမ်းလိုပါက အမှတ် ၂၁၉/ ၂၂၁ ဗိုလ်မြတ်ထွန်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၁၁၀၀၀၊ ၀၉-၅၀၆၇၄၇၄၊၀၉-၇၃၁၄၀၈၀၀၊ နှင့် အမှတ် ၁၄၁/၁၄၃ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၁-၃၉၇၆၄၉၊ ၀၁-၂၉၄၁၅၂ တို့ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဝက်နားရွက်ပြာရောဂါနှင့် ခွေးရူးရောဂါအကြောင်း မြောင်းမြမြို့နယ်၌ ဟောပြော

မြောင်းမြ မေ ၂၁

ဧရာဝတီတိုင်းဒေသကြီးမြောင်းမြခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနကဝက်နားရွက်ပြာရောဂါနှင့်ခွေးရူးရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို မေ ၁၆ ရက် နံနက် ၁၀နာရီကမြောင်းမြမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းနိုင်က ဝက်နားရွက်ပြာ၊ ခွေးရူးရောဂါအကြောင်းနှင့် ဦးစီးဌာန၏ ကာကွယ်ဆေးထိုးနှံရေးကိစ္စများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

ပြန်လည်မေးမြန်းဆွေးနွေး

အဆိုပါအခမ်းအနားတွင် မြောင်းမြမြို့နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဝက်မွေးမြူသူများ၊ ဝက်လုပ်ငန်းရှင်များက သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖိလစ်ပိုင်နိုင်ငံကမ်းခြေသို့ ရေဘဝဲလှိုင်းလုံးကြီးများ ရိုက်ခတ်

ဆူဗာ မေ ၂၁

ဖီဂျီကျွန်းနိုင်ငံ သန္တာကမ်းခြေတစ်လျှောက် မေ ၂၁ ရက် နံနက်ပိုင်းက ဧရာမလှိုင်းလုံးကြီးများ တက်လာသဖြင့် ဟိုတယ်အချို့မှာ လှိုင်းရိုက်ခတ်သည့်ဒဏ်ကို ခံစားခဲ့ရကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

နာဒီ-ဆူဗာအဝေးပြေးလမ်းမကြီးနှင့် ဆီဂါတိုကာကြားရှိ အပန်းဖြေစခန်း ရှန်ဂရီလာဖီဂျီယန်တွင် အခန်းပေါင်း ၃၀ ရေများဝင်ရောက်ခဲ့ကြောင်း၊ နာဗီတီအပန်းဖြေရေပူစမ်းရှိ ကမ်းခြေအိမ်သုံးလုံးအတွင်းသို့လည်း ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဧရာမလှိုင်းလုံးကြီးများ လာရောက်ရိုက်ခတ်ရခြင်းမှာ နိုင်ငံ၏ အနောက်တောင်ပိုင်း၌ လေတိုက်နှုန်းအလွန်ကောင်းနေချိန်နှင့် ဒီရေတက်ချိန် တိုက်ဆိုင်နေခြင်းကြောင့်ဖြစ်သည်။

ထိုဒီလှိုင်းလုံးကြီးများကို စီဂါတိုကာဒေသ ကမ်းရိုးတန်းတစ်လျှောက် ကမ်းရိုးတန်းဒေသနေပြည်သူများ အများဆုံးကြုံတွေ့ရသည်။

ဖီဂျီနိုင်ငံကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ဧည့်သည်အချို့မှာလည်း ကုန်းမြင့်ရာသို့ ပြောင်းရွှေ့သွားကြရသည်။ မေ ၂၁ ရက် နောက်ပိုင်းတွင်လည်း ဒီရေ ဆက်လက်မြင့်တက်နေမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ခန့်မှန်းထားကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါပူဝါနယူးဂီနီတွင် ပြင်းအား ၆ အဆင့်ရှိ ငလျင်လှုပ်

ပေကျင်း မေ ၂၁

တရုတ်မြေငလျင်တိုင်းတာရေးဌာနက ပေကျင်းစံတော်ချိန် နံနက် ၃ နာရီ ၄၃ မိနစ်တွင် ရစ်ချ်တာစကေး ၆ အဆင့်ရှိ ငလျင် ပါပူဝါနယူးဂီနီနိုင်ငံတွင် လှုပ်ခတ်သွားသည်ကို တိုင်းတာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ပြောကြား

မြေအောက်အနက် ၁၀ ကီလိုမီတာကို ငလျင်ဗဟိုပြုပြီး တောင်လတ္တီတွဒ် ၇ ဒသမ ၂ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၄၆ ဒသမ ၉ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းဌာနက ပြောကြားသည်။

(အင်တာနက်)

ရှောင်မြို့ရေပေးရေးအတွက် မြို့မှ ၁၈ မိုင်အကွာရှိ ထူးကြီးတောင် ရေထွက်အနီး ရေပိုက်လိုင်းပြုပြင်ခြင်းကို မေ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းသီဟထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့တွင် ၂၀၁၁ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို မေ ၉ ရက်က ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဆွေ အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး စစ်ကိုင်းတိုင်းဒေသကြီး၌ လုပ်ငန်းညှိနှိုင်း

နေပြည်တော် မေ ၂၁

၂၀၁၁-၂၀၁၂ ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ ဦးလှမြင့်အောင်နှင့် တိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး ဦးငွေအောင်တို့က စီမံကိန်းလျာထားချက် ဆောင်ရွက်နေသောလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သီးနှံစိုက်စွမ်းအားမြင့်မားရေးအတွက် သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ ယာမှ လယ်ပြောင်းစနစ်စိုက်ပျိုးရေး၊ သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ လျာထားစိုက်ဧက မှန်ကန်စွာ ပြည့်မီကျော်လွန်ရေးနှင့် သတ်မှတ်ထွက်နှုန်း အမှန်ထွက်ရှိရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွာသစ်အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့ဝင်း၊ ဒုတိယဆုရ နေပြည်တော် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမြင့်မြင့်စန်းနှင့် တတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမြင့်မြင့်အေးတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်တို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းအုပ်ချုပ်မှုမွမ်းမံသင်တန်းအမှတ်စဉ် (၅/၂၀၁၁) ဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁)ဖွင့်ပွဲ ဟားခါးမြို့၌ ကျင်းပ

နေပြည်တော် မေ ၂၁

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအုန်းလွင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဌာနဆိုင်ရာ အကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာဘမောင်က အမှာစကားပြောကြားပြီး ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ငွေးက အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် (၂၀၁၁) အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ပြခန်း၌ ပြသထားသော ပတ်ဝန်းကျင်သန့်ရှင်းရေး ပညာပေးဓာတ်ပုံများနှင့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်းပြောကြား

Gasifier ရေတင်အင်ဂျင်စက်များ တီထွင်သူ ဦးဖိုးသီးက သတင်းအဖွဲ့အား စက်များတီထွင်တပ်ဆင်ပုံကို ရှင်းလင်းပြောကြားစဉ်။

● ကျောဖုံးမှ

ရွှေလုံဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် Gasifier ရေတင်အင်ဂျင်စက်ဖြင့် ရွှေလုံဗိုလ်ရေကန်အတွင်း ရေခေါ်မြောင်းမှ ရေတင်အဆင့်(၂)သို့ ရေတင်ပို့လျက်ရှိကာ ဧက ၃၀၀၀ ရေပေးဝေလျက်ရှိကြောင်း သိရှိရသဖြင့် စာရေးသူတို့ စိတ်ဝင်စားမိကာ သွားရောက်လေ့လာခဲ့ခြင်း ဖြစ်သည်။

ဖြန့်ဝေ

ဤသို့ဆိုလျှင် လောင်စာဆီအကုန်အကျများစွာ သက်သာမည်ဟု စာရေးသူစဉ်းစားနေမိသည်။ စာရေးသူတို့အဖွဲ့ ရွှေလုံဗိုလ် မြစ်ရေတင်စီမံကိန်းရောက်တော့ ရေတင်အဆင့်(၂)တွင် စပါးခွံလောင်စာသုံးအင်ဂျင်စက်ဖြင့် ရေတင်နေသည်ကို မျက်မြင်တွေ့လိုက်ရသည်။ စပါးခွံများ လောင်စာအိုးထဲထည့်ပြီး အင်ဂျင်စက်လည်ကာ ရေသွယ်မြောင်းမှ တစ်ဆင့် ရေများလယ်မြေထဲသို့ ပိုက်ကြီးများဖြင့် တင်ပို့ဖြန့်ဝေနေသည်ကို တွေ့ရသည်။

လည်ပတ်

ရေတင်အဆင့်(၂)တွင် ၁၀၀ ကီလိုဝပ် Gasifier (၄)စုံ၊ ၂၀ ကျူးဆက်ပန့်(၄)စုံ ထားရှိလည်ပတ်လျက်ရှိပြီး စပါးခွံမီးဖို အရွယ်အစားမှာ ၅၅ လက်မ × ၅ ပေ ရှိကြောင်း သိရသည်။

တင်ပို့လျက်ရှိ

ရေတင်အမြင့်ပေမှာ ၃၁ ပေရှိပြီး ပိုက်လိုင်းများဖြင့် ရေတင်အဆင့်(၂)သို့ တင်ပို့လျက်ရှိသည်။ ရေသွယ်ပိုက်မှာ လက်မ ၂၀ ဖြစ်ပြီး သံပိုက်လိုင်း အရှည်မှာ ၁၇၁ ပေနှင့် ပေ ၁၆၀ ရှိ ရေပိုက်လိုင်းများဖြစ်ကြသည်။

စိတ်ဝင်စား

အဆိုပါ Gasifier ရေတင်အင်ဂျင်စက်ကို တီထွင်သူမှာ မြန်မာ့စက်မှုနည်းပညာရှင်တစ်ဦးဖြစ်သော မန္တလေးမြို့ သိပ္ပံလမ်း၌ နေထိုင်သည့် ဦးဖိုးသီးဖြစ်ကြောင်းနှင့် ဦးဖိုးသီးသည် စက်ပစ္စည်းများ တီထွင်မှုကို ငယ်စဉ်ကပင် စိတ်ဝင်စားသူဖြစ်ကြောင်း သိရသည်။ ဦးဖိုးသီးက စာရေးသူတို့အား ရေတင်အင်ဂျင်စက် တီထွင်အသုံးပြုပုံကို အသေးစိတ်ရှင်းပြခဲ့သည်။

ကုန်ကျစရိတ်သက်သာ

ယခုအခါ စပါးခွံလောင်စာသုံး Gasifier ရေတင်အင်ဂျင်စက်ကို အသုံးပြု၍ ကုန်ကျစရိတ်သက်သာစွာဖြင့် စဥ့်ကိုင်မြို့နယ်၌ စိုက်ပျိုးရေပေးဝေလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(မြန်မာ့အလင်း)

ရေများတင်ပို့

Gasifier ရေတင်အင်ဂျင်စက်အသုံးပြု၍ ရေများ တင်ပို့စဉ်။

မီးဖိုမီးကြွင်းမီးကျန် သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည် ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကို ပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။

(ဂ) မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့ သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန။

ဖောင်ပိတ်သတင်း

မလေးရှားနိုင်ငံ၌ မြေပြိုမှုဖြစ်ပွား အနည်းဆုံးကလေး ရှစ်ဦး သေဆုံး

ဝင့်မာသွင် - ဘာသာပြန်သည်

ကွာလာလမ်ပူ မေ ၂၁

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အနီး မိဘမဲ့ကလေးဂေဟာတစ်ခု၌ မြေပြိုမှုဖြစ်ပွားရာ အနည်းဆုံး ရှစ်ဦးသေဆုံးပြီး သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းဖော်ပြသည်။ (အပေါ်ပုံ)

ဖြစ်ပွား

အဆိုပါ ဖြစ်ပွားမှုသည် ကွာလာလမ်ပူမြို့တောင်ဘက် ဟူလူလန်ဂတ်ခရိုင်ရှိ ဟိုက်ဒါရပ်မက်ဒရာဆက်အယ်လ်တတ်ဝါ မိဘမဲ့ကလေးဂေဟာတွင် မေ ၂၁ ရက်က ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ အချိန်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်ပွားရာ နေရာ၌ ကယ်ဆယ်ရေးလုပ်သား ၁၀၀ ခန့်က မြေအောက်၌ ပိတ်မိနေသော ကလေး ၂၃ ယောက်အနက် ဒဏ်ရာရသူကိုးဦးအား ပိတ်မိမြေအတွင်းမှ ဆွဲထုတ်နိုင်ခဲ့ကြောင်း အေအက်ဖ်ပီသတင်း၌ ဆက်လက်ဖော်ပြသည်။ ယင်းသို့ မြေပြိုမှုဖြစ်ပွားရခြင်းမှာ မိုးနှစ်ရက်တိုင်အဆက်မပြတ် ရွာသွန်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ယင်းမြေပြိုမှု ဖြစ်ပွားချိန်တွင် ကလေးများမှာ တောင်စောင်း အနီးရှိ တဲတစ်လုံးအတွင်း မလေးရှိုးရာ ဖုံတီးလေ့ကျင့်နေလျက်ရှိကြောင်း သိရှိရသည်။

(အင်တာနက်)

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ မွန်ရိုးရာ ကဆုန်ညောင်ရေသွန်းပွဲနှင့် နွေရာသီမွန်စာပေသင်တန်းဆင်းပွဲကို မေ ၁၇ ရက်က ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

(၁၃၅)



အိမ်မဲမြို့နယ်၌ ဝဲကြီးဝတံတားတည်ဆောက်

နေပြည်တော် မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မေ ၁၈ ရက် နံနက် ၈ နာရီ ၅၅ မိနစ်က မြောင်းမြခရိုင် အိမ်မဲမြို့နယ်ရှိ ဝဲကြီးဝတံတားတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝါးခယ်မမြို့နယ် ဦးကြီးတော်ကျေးရွာ ကွင်းအမှတ်(၉၀၄)၌ ကျင်းပသော ဝါးခယ်မမြို့နယ်လယ်ယာကုန်ထုတ်အသင်း၏ မိုးစပါးစုပေါင်းထွန်ယက်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ခုတင်(၅၀)ဆံ့ ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူနေကြသော လူနာများအား ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝါးခယ်မမြို့နယ် ဒေါ်ပိုက်မိဘိုးဘွားရိပ်သာရှိ အိပ်ဆောင်များ၊ စားသောက်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘိုးဘွားများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝဲကြီးဝတံတား တည်ဆောက်

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ဝဲကြီးဝတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စစ်တွေ၌ သဘာဝဘေး စီမံခန့်ခွဲမှုသင်တန်းဖွင့်

နေပြည်တော် မေ ၂၁

ရခိုင်ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်း (၃/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက်ပိုင်းက စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ မဟာပညာကျော်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ရှိ ၁၇ မြို့မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တာဝန်ပေးအပ်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား စီမံကိန်းတာဝန်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဘများဖြစ်ကြသော ဦးသိန်းလှိုင်-ဒေါ်ခင်သန်းတို့အား ရည်စူး၍ ပြည်ထောင်စုရိပ်သာလမ်း ရန်ကုန်မြို့ ဒဂုံမြို့နယ်နေ ဦးမောင်မောင်ထွန်း-ဒေါ်သူဇာလှိုင် (သိန်းသန်းဦးရွှေဆိုင်)မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေ၊ ဘုရားခန်းအတွက် မတည်အလှူငွေနှင့် ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၆ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေး ထန်းတပင်မြို့နယ်၌ အသိပညာပေးဆွေးနွေး

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၁၃ ရက်က ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဒုတိယရဲမှူးမြင့်ကြည်က ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေး၊ မော်တော်ယာဉ် မောင်းနှင်ကြသူများနှင့် လမ်းဖြတ်ကူးသူများ စည်းကမ်းရှိရှိ မောင်းနှင်သွားလာကြရေးကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (ဝ၄၈)

ကျိုက်လတ်မြို့၌ အခြေခံမီးသတ်သင်တန်းဆင်း

ကျိုက်လတ် မေ ၂၁

ကျိုက်လတ်မြို့ မြို့မဈေးအကြို အခြေခံသီးသန့် မီးသတ်သင်တန်းဆင်းပွဲကို မေ ၁၁ ရက်က မြို့နယ်မီးသတ်စခန်း၌ကျင်းပရာ သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီတို့က အမှာစကား ပြောကြားကြသည်။

ချီးမြှင့်

ထို့နောက် သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၃၃)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

တစ်အိမ်ထောင်ကျွန်းသုံးပင်နှင့် သစ်မာစိုက်ခင်း မော်ဘီမြို့နယ်၌ စိုက်ပျိုးမည်

ရန်ကုန် မေ ၂၁

မော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ၌ ကျေးလက်အိမ်ရာထူထောင်ရေးလုပ်ငန်းတွင် ကျေးရွာပိုင်သစ်တောစိုက်ခင်းများ ထူထောင်စိုက်ပျိုးလျက်ရှိရာ သစ်ပင်များစိုက်ပျိုးပြီးစီးမှုနှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်း ထိန်းသိမ်းထားရှိမှုတို့ကို ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းတို့ မေ ၁၆ ရက်က ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

စိုက်ပျိုးမည်

မော်ဘီမြို့နယ် သစ်တောဦးစီးဌာနက ၂၀၁၁ ခုနှစ် မိုးရာသီတွင် ကျေးလက်အိမ်ရာ ကျေးရွာပိုင်သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သည့် တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးခြင်းလုပ်ငန်းအဖြစ် အိမ်ထောင်စုဝင် ၃၆၀၀ အတွက် ကျွန်းပင်ပေါင်း ၁၀၈၀၀ စိုက်ပျိုးပြီး တစ်အိမ်ထောင် သစ်မာ ၂၀ ပင် စိုက်ပျိုးခြင်းလုပ်ငန်းအဖြစ် အိမ်ထောင်စုဝင် ၂၀၁၁ စုအတွက် ယူကလစ်ပင်ပေါင်း ၄၀၂၂၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စစ်ကိုင်းခရိုင် လင်းယဉ်ကျေးရွာနှင့် ဆားတောင်ကျေးရွာချင်းဆက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မေ ၁၃ ရက်က စစ်ကိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

22-5 (07).pmd 1 5/22/2011, 3:04 AM

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မေ ၂၁

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးရေးလုပ်ငန်းများ ပိုမိုမြန်ဆန်သက်သာစေနိုင်ရန် ဖြေလျှော့ပေးနိုင်မည့် နည်းလမ်းများ ရှာဖွေပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသ ၀္ခ ၀္တ ႐္ခ -၀□၀၁၅ ၀္၁

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း နေထိုင်သည့် နိုင်ငံသားဖြစ်သင့်သူ တစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် တာဝန်ရှိသကဲ့သို့ ဥပဒေကြောင်းအရ နိုင်ငံသားမဖြစ်သင့်သူ တစ်ဦးအား မှားယွင်းအတည်ပြုမှု မဖြစ်စေရေးအတွက်လည်း စနစ်တကျစိစစ်ရန် အဓိကတာဝန်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် စိစစ်ရသည့်အချက်အလက်၊ အထောက်အထား များမှာလည်း တိကျမှန်ကန်မှု ရှိရမည်ဖြစ်ပြီး အချိန်ယူ စိစစ်ဆောင်ရွက်ရသည့် အခြေအနေတွင်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဌာနများမှရယူရမည့် အထောက်အထား ပြည့်စုံစွာပါရှိပါက သတ်မှတ်အချိန်၊ သတ်မှတ်ငွေကြေးအတိုင်း မဖြစ်မနေ ဆောင်ရွက်ပေးရေးအတွက် စီစဉ်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို မကျော်လွန်စေဘဲ ဖြေလျှော့ပေးနိုင်မည့်နည်းလမ်းများကို ဌာနဆိုင်ရာလုပ်ငန်းများနှင့် ချင့်ချိန်၍လည်းကောင်း၊ အတွေ့အကြုံနှင့် ထင်မြင်ယူဆချက်များအပေါ် ချင့်ချိန်၍လည်းကောင်း ဝိုင်းဝန်းဆွေးနွေး အကြံပြု ပေးကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အကြံပြုဆွေးနွေး

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားပြုလုပ်ရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဌာနအလိုက် ဖြေလျှော့ပေးနိုင်မည့်အချက်အလက်များနှင့်

သန့်(၄)သန့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် ပြည်သူများ လိုက်နာဆောင်ရွက်နိုင်ရေး ဟောပြောစည်းရုံး

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံတွင် ပြည်သူလူထုအတွက် ရေကောင်းရေသန့် လုံလောက်စွာရရှိရေး၊ အညစ်အကြေးများအား ကျန်းမာရေးနှင့် ညီညွတ်စွာ စွန့်ပစ်ရေး၊ အစားအစာ သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အထူးသဖြင့် လက်သန့်ရှင်းရေးလုပ်ငန်းဟူသည့် သန့်(၄)သန့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သည့် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်များကို ၁၉၉၈ ခုနှစ်မှ စတင်၍ နှစ်စဉ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး လွှမ်းခြုံမှုအခြေအနေသည် ၂၀၁၅ခုနှစ်တွင် ပြည့်မီရမည့် ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များ (Millennium Development Goals)၏ လမ်းကြောင်းပေါ်သို့ ရောက်ရှိနေကြောင်း။

ကွင်းဆင်းပညာပေး

သဘာဝဘေး အန္တရာယ်များ တွေ့ကြုံသည့်အချိန်တွင် ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများ အရေးပေါ် အလျင်အမြန်ဆောင်ရွက်နိုင်ခဲ့သဖြင့် ကူးစက်တတ်သော ရောဂါများမဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းဝေးရေးတို့အတွက် သန့်ရှင်းရေးနှင့်ပတ်သက်သော 'Sanitation for All' ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံး အိမ်တိုင်းစေ့ ယင်လုံအိမ်သာသုံးစွဲရေး မူဝါဒကို ချမှတ်ဆောင်ရွက်နေကြောင်း၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီး (၅)ရပ်တွင် အဓိကလုပ်ငန်းတစ်ရပ် အနေဖြင့် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူလူထု ရရှိခံစားနိုင်ရန် ပြည်သူလူထုက ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များ ပြုမူကျင့်ကြံလာစေရန် အပြုအမူပြောင်းလဲရေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက ကျေးလက်ဒေသ အောက်ခြေအရောက် ကွင်းဆင်း ဟောပြောပညာပေး ဆောင်ရွက်လျက်ရှိကြောင်း။

ဟောပြောစည်းရုံး

ငယ်စဉ်ကလေးဘဝမှစတင်၍ သန့်(၄)သန့်နှင့် သက်ဆိုင်သော ကျန်းမာရေးနှင့်ညီညွတ်သည့် အပြုအမူများကို စတင်လေ့ကျင့်ပြုစုပျိုးထောင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများနှင့် နီးနွယ်ဌာနများ၊ ပြည်တွင်းပြည်ပလူမှုရေး အဖွဲ့အစည်းများက ပြည်သူလူထုကို ဟောပြောစည်းရုံး ဆောင်ရွက်ကြရန်နှင့် ပြည်သူလူထုကလည်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယင်လုံအိမ်သာ ဆောက်လုပ်ထိန်းသိမ်းသုံးစွဲရေးနှင့်ပတ်သက်၍ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် တိုက်တွန်းကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁)ဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဒုတိယဌာနေကိုယ်စားလှယ် Ms. Juanita Vasguez က အမှာစကားပြောကြားသည်။

လှူဒါန်း

ယင်းနောက် World Vision Myanmar မှ National Director Mr.Christopher Paul Herink က အမေရိကန်ဒေါ်လာ ၇၆၄၆၄ တန်ဖိုးရှိသည့် ရေသန့်ဆေးထုပ်များကို ကျန်းမာရေးဝန်ကြီးဌာနသို့လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ UNICEF ၊ WHO နှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁) အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

မိုးရွာသွန်းမှု

၂၁-၅-၂၀၁၁

နေပြည်တော် (ပျဉ်းမနား)	၁ ဒသမ	၄၂ လက်မ
နေပြည်တော် (ရေဆင်း)	၀ ဒသမ	၇၉ လက်မ
ကသာမြို့	၅ ဒသမ	၆၃ လက်မ
အမ်းမြို့	၂ ဒသမ	၅၅ လက်မ
ချောင်းဆုံမြို့	၁ ဒသမ	၉၃ လက်မ
တောင်ကုတ်မြို့	၁ ဒသမ	၃၉ လက်မ
ကျိုက်မရောမြို့	၁ ဒသမ	၈၇ လက်မ
ကျိုက္ခမီမြို့	၁ ဒသမ	၇၃ လက်မ
မာန်အောင်မြို့	၁ ဒသမ	၆၅ လက်မ
ဖျာပုံမြို့	၁ ဒသမ	၅၇ လက်မ

ဝက်မွေးမြူရေး

တောဝက်ရိုင်းများကို ယဉ်ပါးအောင် မွေးမြူလာကြရင်း အိမ်မွေးဝက်များ ဖြစ်လာခဲ့သည်။ အာရပ်နိုင်ငံများမှလွဲ၍ နေရာအနှံ့တွင် ဝက်ကို အသားစားရန် မွေးမြူကြသည်။ ဝက်သည် ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို စားသည့်အပြင် အစုံစားသတ္တဝါလည်း ဖြစ်သည်။ ထို့ကြောင့် ဝက်သည် မွေးမြူရာ၌ လွယ်ကူသည့်အပြင် အသားတိုးနှုန်းလည်း ကောင်းသည်။ ယခုအခါ နိုင်ငံခြားဝက်မျိုးများကို စီးပွားဖြစ် မွေးမြူလာကြပြီဖြစ်သည်။ ဝက်မွေးမြူရေးသည် စိုက်ပျိုးရေးနှင့် ဆက်စပ်မှုရှိပြီး ဝက်ကောင်ရေစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းသည် တစ်ပိုင်တစ်နိုင်မွေးမြူထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

တစ်ကမ္ဘာလုံးတွင် ဝက်မွေးမြူကောင်ရေ သန်း ၉၀၀ ကျော်ရှိပြီး အာရှဒေသတွင် ကောင်ရေ သန်း ၆၀၀ ကျော်ရှိသည်။ မြန်မာနိုင်ငံတွင် ဝက်ကောင်ရေ ၉ ဒသမ ၂ သန်း မွေးမြူထားပြီး မကွေးတိုင်းဒေသကြီးတွင် အများဆုံးမွေးမြူကြကြောင်း သိရသည်။ ကျွမ်းကျင်ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဝက်ရောဂါများအနက် အပျော့စား ဝက်နားရွက်ပြာရောဂါ ကျရောက်ဖြစ်ပွားမှုအား မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် နှစ်ဦးပိုင်း ကာလမှစ၍ စတင်တွေ့ရှိကြောင်း သိရသည်။

ဝက်နားရွက်ပြာရောဂါ

ဝက်နားရွက်ပြာရောဂါသည် ၁၉၈၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့ပြီး ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၅ ခုနှစ်အတွင်း ဂျာမနီ၊ နယ်သာလန်၊ စပိန်၊ ပြင်သစ်၊ အင်္ဂလန်နှင့် ကနေဒါနိုင်ငံများတွင်လည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ၂၀၀၆ ခုနှစ်တွင် အာရှဒေသ၌ တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၁၀ ခုနှစ်တွင် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ဖြစ်ပွားခဲ့သည်။

အဆိုပါရောဂါပိုးသည် အသက်ရှူလမ်းကြောင်းနှင့် မျိုးပွားလမ်းကြောင်းတွင် ဖြစ်ပွားတတ်ပြီး နှာရည်၊ တံတွေး၊ ဆီး၊ ကျင်ကြီးနှင့် သုက်ပိုးတို့မှတစ်ဆင့် ကူးစက်ပျံ့နှံ့နိုင်ကာ ဝက်များတွင် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ကြောင်း သိရှိရသည်။ ထို့အပြင် ရောဂါဖြစ်ပွားသည့် ဝက်နှင့် အဆိုပါဝက်၏ အညစ်အကြေးများ၊ အစာကွင်း အစာကျန်များတွင် ရောဂါပိုးပါရှိနိုင်သဖြင့် ဝက်စာကြွေးသူများကိုပါ ရောဂါကူးစက်မှု ဖြစ်ပွားနိုင်ကြောင်းကိုလည်း သိရသည်။

ရောဂါပျံ့နှံ့ရခြင်းအကြောင်းမှာ နာမကျန်းဝက်များ သတ်ဖြတ်ရောင်းချခြင်း၊ ရောဂါဖြစ်ဒေသတွင် ဝက်ဈေးကျဆင်း၍ ဈေးကောင်းရရှိရာဒေသသို့ သယ်ယူပို့ဆောင်ရန်အတွက် တိရစ္ဆာန်ရွှေ့လျားမှု များပြားခြင်း၊ ဝက်သယ်ဆောင်သည့် ယာဉ်များသည် ခြံတစ်ခြံမှ တစ်ခြံသို့ ကူးလူးသွားလာရာမှ ကူးစက်ခြင်း၊ အစာကြွင်း အစာကျန်များ စုဆောင်းကျွေးမွေး

အကြိမ်ကြိမ် ဖြည့်သွင်းခြင်းမပြုဘဲ လိုအပ်ပါက ယခင်တင်သွင်းသောနေရာမှ ဝက်ကိုသာ တင်သွင်းရမည်။

(ဃ) ရောဂါကျရောက်ဖြစ်ပွားရာဒေသများတွင် ဒေသအတွင်းရှိ ပြန်လည်ကျန်းမာလာသော ဝက်များကိုသာ ပြန်လည်မွေးမြူရမည်။ ရောဂါဖြစ်ပွားခဲ့ပြီး ပြန်လည်ကျန်းမာလာသည့်ဝက်များတွင် အပြင်းစား ဝက်နားရွက်ပြာရောဂါကို ခုခံနိုင်သော စွမ်းရည်ပဋိပစ္စည်းများ ရရှိထားပြီးဖြစ်သဖြင့် ရောဂါ ပြန်လည်ဝင်ရောက်မှုကို ကာကွယ်နိုင်ပြီး ၎င်းခုခံနိုင်မှုစွမ်းရည်ကို ဝက်ငယ်လေးများတွင်လည်း ရရှိနိုင်မည်ဖြစ်သည်။ အခြားဒေသမှ ဝက်များကို အသစ်သွင်းပါက ရောဂါကျရောက်ဖြစ်ပွားနိုင်ပါသည်။

(င) ရောဂါကျရောက်ဖြစ်ပွားသော မြို့နယ်တွင် မြို့နယ်တစ်ခုမှ တစ်ခုသို့ တိရစ္ဆာန်ကူးသန်းသွားလာမှုကို တားမြစ်ထားရမည်။

ရောဂါကျရောက်ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းများ

ဝက်ရောင်းဝယ်သည့် ကုန်သည်များနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအတွင်း ဆက်သွယ်မှုပိုမိုကောင်းမွန်စေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးသမားများ၊ စီးပွားဖြစ်မွေးမြူရေးသမားများ၊ ကုန်သည်များ၊ သားသတ်လိုင်စင်ရရှိသူများနှင့် ဒေသဆိုင်ရာ တိရစ္ဆာန်ဆရာဝန်များအနေဖြင့် ဆွေးနွေးပွဲများ ပုံမှန်ပြုလုပ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။

စီးပွားဖြစ်မွေးမြူရေးခြံများ၊ ဝက်ဝယ်ယူစုဆောင်းသည့်နေရာများနှင့် သားသတ်ရုံများတွင် လစဉ်နမူနာပစ္စည်းများ ကောက်ယူပြီး ဝက်နားရွက်ပြာရောဂါနှင့် ဝက်ဝမ်းကျရောဂါပိုး ရှိ/မရှိ လစဉ် လေ့လာရမည်။

မြန်မာနိုင်ငံတွင် စီးပွားဖြစ်မွေးမြူသော ဝက်ခြံများ၌ အပြင်းစားဝက်နားရွက်ပြာရောဂါ ကျရောက်ဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရသည်။ ဇီဝလုံခြုံမှု တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် အဆိုပါခြံများတွင် အပြင်းစားဝက်နားရွက်ပြာရောဂါ ကင်းရှင်းမှုအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ကာကွယ်ဆေးသည် ဗိုင်းရပ်(စ်)မျိုးကွဲတစ်ခုတည်းကိုသာ ကာကွယ်မှုပေးနိုင်ပြီး အခြားမျိုးကွဲအသစ် ဝင်ရောက်လာပါက ကာကွယ်မှုမပေးနိုင်ခြင်းကြောင့် ကာကွယ်ဆေးကို မသုံးစွဲသင့်ကြောင်း တွေ့ရှိရသည်။ ဇီဝလုံခြုံမှု မြှင့်တင်ရေးသည် အဓိကရောဂါကာကွယ်တားဆီးရေးဖြစ်သဖြင့် ဇီဝလုံခြုံမှု မြှင့်တင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။

ခြံအတွင်း ဇီဝလုံခြုံမှု မြှင့်တင်ရေး

ခြံအတွင်းနှင့် ခြံပြင်ပတွင် သီးသန့်ယာဉ်များ အသုံးပြုရမည်ဖြစ်ပြီး တိရစ္ဆာန်များ သယ်ဆောင်ပြီးပါက ပိုးသတ်ဆေးဖြင့် ဆေးကြောသန့်စင်ရန်နှင့် ဝက်ငယ်များကို တင်ဆောင်

မြန်မာ့အလင်း **သတင်းအတိုအထွာ**

သီးနှံထုတ်လုပ်မှုချေးငွေများ နတ်မောက်၌ ထုတ်ချေး

နတ်မောက် မေ ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု တောင်သူလယ်သမားများသို့ ၂၀၁၁ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို ဧပြီ ၂၆ ရက်မှစ၍ ထုတ်ချေးလျက်ရှိသည်။ နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မေ ၁၉ ရက်အထိ ကျေးရွာအုပ်စု ၅၁ အုပ်စုမှ တောင်သူ ၇၉၀၉ ဦးသို့ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေပေါင်း ငွေကျပ် သိန်း ၆၀၀၀ ကျော် ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(၁၂၇)

ဗဟိုစံပြငါးဈေး အကြီးစားပြန်လည်ပြုပြင်

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးကို အကြီးစားပြန်လည်ပြုပြင်မှုများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ မေ ၁၆ ရက်မှ စတင်လျက် ငါးဈေးကြီး၏ အပေါ်ပိုင်းကို ဇင့်အလူမီနီယမ်သွပ်ပြား အသစ်များ မိုးခြင်း၊ ရေတံလျှောက်နှင့်ခေါင်အုပ်များ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။

ကျန်သည့် အောက်ပိုင်းပြုပြင်ရေးလုပ်ငန်းများဖြစ်သော အုတ်နံရံ၊ သံပန်းသံတံခါးများ ပြုပြင်ခြင်းလုပ်ငန်းနှင့် အောက်ခြေပြတ်နေသည့်တိုင်များအား တိုင်ဆက်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မကြာမီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကျေးရွာသစ်များ တည်ဆောက်ပေးလျက်ရှိ

ရန်ကုန် မေ ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် မလွတ်ကင်းသော ကျေးရွာငါးရွာကို စနစ်တကျ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

ရေအားလျှပ်စစ်စီမံကိန်းနှင့် မလွတ်ကင်းသောကျေးရွာများမှာ တန်ဖဲကျေးရွာ၊ ကျိန်ခရမ်ကျေးရွာ၊ မြစ်ဆုံကျေးရွာ၊ ခပွါး/အောင်ဂျာယန်ကျေးရွာနှင့် ဒေါင်ပန်ကျေးရွာတို့ဖြစ်ပြီး ယင်းကျေးရွာများမှ ဒေသခံပြည်သူများအား အောင်မြင်သာ စံပြကျေးရွာသစ်နှင့် မလိယန်ကျေးရွာသစ်များတွင် ပြန်လည်နေရာချထားပေးခြင်း ဖြစ်သည်။ ယခင် နေထိုင်ခဲ့သည့် မြေကွက်အကျယ်နှင့် အိမ်အဆင့်အတန်းပေါ်မူတည်၍ ပေ(၆၀×၈၀)၊ ပေ (၁၀၀×၁၂၀)နှင့် ပေ ၈၀ ပတ်လည်၊ ပေ ၁၀၀ ပတ်လည်၊ မြေကွက်များတွင် နေအိမ်များကို တည်ဆောက်ပေးထားပြီး အိမ်ထောင်စုအလိုက် ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများနှင့် စိုက်ပျိုးသီးနှံ နှစ်နာကြေးများကိုလည်း ပေးအပ်သည်။ ကျေးရွာ၌ (၁၆)ခုတင်ဆံ့ဆေးရုံ၊ ကျေးရွာဆေးပေးခန်း၊ အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကျောင်း၊ ဘုရားနှင့်ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ကျောင်း၊ ဈေး၊ စာတိုက်နှင့် ရဲစခန်းများကို ထည့်သွင်းဆောက်လုပ်ပေးထားသည်။ ဒေသခံပြည်သူများအတွက် သောက်သုံ

သတင်းမှတ်စု

ပုသိမ်-လှကြည်

ရှိသော သစ်ခွံထိုး (ဟုန်ကုတ်) ဆင်မျိုး၊ (၃) အစွယ်တစ်ချောင်းတည်းသာပါသည့် ''တည်'' ဆင်မျိုး၊ ကလေးဘဝက မိခင်နို့ အပြည့်အဝစို့ရသဖြင့် အစွယ်မပါသော်လည်း ဆင်တိုင်းထက် ခွန်အားကြီးသော ''ဟိုင်း'' ဆင်မျိုးဟူ၍ ယေဘုယျ ခွဲခြားနိုင်ကြောင်း သိရသည်။

ရောဝတီဆင်ဖမ်းအဖွဲ့မှ မတ် ၂၃ ရက်တွင် ဖမ်းဆီးရမိသော သစ်ခွံထိုး (ဟုန်ကုတ်) ဆင်မျိုး ငါးနှစ်ခန့်အရွယ်ရှိ ဆင်ထီးလေး။

ဖမ်းဆီးရမိသော တောဆင်ရိုင်းကလေးများကို ယဉ်ပါးလိမ္မာအောင်သင်ကြားပေးရာတွင် လေးလမှ ငါးလအထိကြာမြင့်တတ်ကြောင်း၊ ပထမအဆင့်တွင် ထူးခတ်ထားသော တောဆင်ရိုင်းကို ဆင်ပခက်ဆင်ပြီး ထည့်လွှဲရကြောင်း၊ ပခက်ဆင်ပြီးနောက် ထူးခတ်ပြီးစခန်းချည်တိုင်လည်လှန်ရကြောင်း၊ ထိုလုပ်ငန်းများ အောင်မြင်

သာယာဝတီဆင်ဖမ်းအဖွဲ့မှ ဧပြီ ၁၃ ရက်တွင် ဖမ်းဆီးရမိသော သစ်ခွံထိုး(ဟုန်ကုတ်)ဆင်မျိုး ငါးနှစ်ခန့်အရွယ်ရှိ ဆင်မ။

မှသာ ဆင်ဦးစီးကပ်၍ရကြောင်း၊ ထို့နောက် တောလှန်လွတ်ကျောင်းအဆင့်ရောက်လျှင် လူများ ကပ်၍ရကြောင်း၊ ထပ်မံ၍ နောက်တစ်ဆင့် လက်မြှောက်သင်၊ နောက်ကပ်တင်သင်ပြီး၊ ကပ်တင်ငြိမ်လျှင် လူစီး၍ရကြောင်း၊ ဆင်ပေါ်မူတည်ပြီး သင်ရသည့် အချိန်ကာလအနည်း အများရှိကြောင်း ဆင်ဦးစီးက ပြောကြားသည်။

ထိန်းသိမ်း

ယခုဖမ်းဆီးရမိသော တောဆင်ရိုင်းသုံးကောင်ကို အထက်ပါနည်းအတိုင်း သင်ကြားပေးရန်အတွက် ငွေဆောင်ကမ်းခြေအနီး ဘူးကွဲကြီးကျေးရွာ (ဆင်ဝိုင်း) ဆင်လေ့ကျင့်ရေးစခန်းတွင် ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

သာယာဝတီ ဆင်ဖမ်းအဖွဲ့မှ မေ ၂၁ရက်တွင် ဖမ်းဆီးရမိသော သစ်ခွံထိုး (ဟုန်ကုတ်) ဆင်မျိုး ခုနစ်နှစ်ခန့်အရွယ်ရှိ ဆင်မ။

နိုင်ငံတကာအားကစား

ကွင်းလယ်ကစားသမား အက်ဆီယံအား ဂါနာအသင်းပြန်လည်ခေါ်ယူ

ဗန်ဒါဗတ် စပါးအသင်းတွင် ဆက်လက်ကစားမည်

လန်ဒန် မေ ၂၁

*စပါးကွင်းလယ်ကစားသမား ရာဖေးလ်ဗန်ဒါဗတ်(**ဝဲပုံ**)သည် လာမည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်မရသော်လည်း စပါးအသင်း၌ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ၎င်းကပြောကြားလိုက်သည်။*

လန်ဒန်ကလပ် စပါးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်မရသော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲအတွက် တိုက်ရိုက်ကစားခွင့်ရှိမည်ဖြစ်သည်။

သွင်းယူပေး

ဒတ်ချ်ကစားသမား ဗန်ဒါဗတ်က ဥရောပထိပ်တန်းကလပ်များသို့ ထွက်ခွာရန် ငြင်းဆိုထားသည်။ အသက် ၂၈နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဗန်ဒါဗတ်သည် ပြီးခဲ့သည့်နှစ် ဩဂုတ်လက ရီးရဲမက်ဒရစ်မှ စပါးအသင်းသို့ ပေါင်ရှစ်သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်းသည် စပါးအသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲ ခုနစ်ပွဲ ပါဝင်ကစားခဲ့ပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ စပါးတို့ ပြီးခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့သည်။

(အင်တာနက်)

ကမ္ဘာ့ကျော်တိုက်ဂါးဝုဒ် အဆင့် ၁၀ အောက်ကျဆင်း

ကောင်းမြတ်သူ-စုစည်းသည်

လန်ဒန် မေ ၂၁

ကမ္ဘာကျော် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်(ယာပုံ)**သည် ၁၄ နှစ်တာအတွင်း ပထမဆုံးအကြိမ်ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် ၁၀ အောက်ရောက်ရှိသွားခဲ့သည်။ ၎င်းသည် လွန်ခဲ့သော ၁၈ လက ဩစတေြးလျ မာစတာဖလားဆွတ်ခူးခဲ့ပြီးနောက် အဆင့်တဖြည်းဖြည်းကျဆင်းခဲ့ရသည်။**

တိုက်ဂါးဝုဒ်သည် မေ ၂၁ ရက်တွင် ကမ္ဘာ့အဆင့် ၁၁ သို့ ရောက်ရှိခဲ့သည်။ ၎င်းအဆင့်မှာ ၁၉၉၇ ခုနှစ် ဧပြီလ နောက်ပိုင်း ပထမဆုံးအကြိမ် ကမ္ဘာ့အဆင့် ၁၀ အောက်သို့ လျော့ကျခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း တိုက်ဂါးဝုဒ်သည် ကမ္ဘာ့ကျော်ကြားမှုအဆင့်တွင် နံပါတ်တစ် နေရာ၌ ရှိနေဆဲဖြစ်ကြောင်း ဖော့ဘတ်မဂ္ဂဇင်းက ဖော်ပြထားသည်။

တိုက်ဂါးဝုဒ်သည် ဂေါက်သီးလောကတွင် အဓိကဖလားကြီး ၁၄ လုံး ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် လွန်ခဲ့သည့်နှစ်က အိမ်ထောင်ရေးအဆင်မပြေဖြစ်ခဲ့ပြီးနောက် ဂေါက်သီးကစားခြင်းမှလည်း ယာယီမျှ အနားယူခဲ့သည်။ ဂေါက်သီး ပြန်ကစားခဲ့သော်လည်း ပုံမှန်ရိုက်ချက်များမရဘဲ ရှိခဲ့သည်။

ဝင်ငွေ

သို့သော်လည်း တိုက်ဂါးဝုဒ်သည် ပြီးခဲ့သည့်နှစ်က ဂေါက်သီးကစားခြင်းနှင့် အထွေထွေဝင်ငွေ အမေရိကန် ဒေါ်လာ ၇၅ သန်းရှိခဲ့ကြောင်း ဖော့ဘက်မဂ္ဂဇင်း၌ ဖော်ပြသည်။**(အင်တာနက်)**

နိုင်ငံတကာရုပ်ရှင်

ဘောလိဝုဒ်ရုပ်ရှင်မင်းသမီး မာနီရှာကိုအီရာလာ သီရိလင်္ကာရုပ်ရှင်ပွဲတော်တက်ရောက်

နယူးဒေလီ မေ ၂၁

အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်မင်းသမီး မာနီရှာကိုအီရာလာ(အပေါ်ပုံ)သည် ရုပ်ရှင်အနုပညာလုပ်ငန်းများဆွေးနွေးရန်နှင့် နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန် သီရိလင်္ကာနိုင်ငံသို့ မေ ၁၉ ရက်က ရောက်ရှိလာသည်။

သီရိလင်္ကာနိုင်ငံတွင် ရောက်ရှိစဉ်ကာလအတွင်း သီရိလင်္ကာနိုင်ငံမှ ရုပ်ရှင်အနုပညာရှင်များနှင့် အခြားနိုင်ငံများမှ ယခုပွဲတော်သို့တက်ရောက်လာသည့် အနုပညာရှင်များနှင့်တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ကြမည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံတွင် မေ ၁၈ ရက်မှ စတင်ကျင်းပလျက်ရှိသည့် ရုပ်ရှင်ပွဲတော်သို့ တရုတ်ရုပ်ရှင်မင်းသား ဂျက်လီ၊ ဟောလိဝုဒ်ရုပ်ရှင်မင်းသား စတီဗင်ဆီးဂဲလ်၊ ဘာလန်ဂျေဖရီဒ်မင်းနှင့် ဒက်ရှိုင်ချာလီတို့ အပါအဝင် ကမ္ဘာကျော်ရုပ်ရှင်မင်းသား မင်းသမီးများ တက်ရောက်ဆင်နွှဲလျက်ရှိကြသည်။ ယင်းရုပ်ရှင်ပွဲတော်သို့ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများမှ အနုပညာရှင်များလည်း တက်ရောက်ဆင်နွှဲလျက်ရှိကြသည်။

(အင်တာနက်)

ရုပ်ရှင်မင်းသားလီယိုနာဒိုနှင့် တွဲနေသည့် အစ္စရေးရုပ်ရှင်မင်းသမီး ဘာရာဖေးလီ

လန်ဒန် မေ ၂၁

ဟောလီဝုဒ်ရုပ်ရှင်မင်းသား လီယိုနာဒိုနှင့် အစ္စရေးစူပါမော်ဒယ်လ်နှင့် သရုပ်ဆောင်တစ်ဦးဖြစ်သူ ဘာရာဖေးလီတို့နှစ်ဦး [illegible]

[illegible] အများပြည်သူတို့အကျိုးအတွက် အနုပညာလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သူဖြစ်ကြောင်း [illegible]

ယခုအခါ ကမ္ဘာတစ်ဝန်း ကျွတ်ကျွတ်အိတ်များ သုံးစွဲမှုပပျောက်ရေးအတွက် One Bag Less အမည်ရှိ ရုပ်ရှင်ဇာတ်ကားတစ်ကား အခမဲ့ပါဝင် သရုပ်ဆောင်ရန် ဒါရိုက်တာ ရှာဟာဆီးဂဲလ်နှင့် သဘောတူထားပြီးဖြစ်ရာ မကြာမီ ရိုက်ကူးတော့မည်ဖြစ်သည်။

ယခုအခါ အနုပညာလုပ်ငန်းနှင့် အများပြည်သူတို့အတွက် အကျိုးပြုစေမည့် လူမှုရေးလုပ်ငန်းများ၌ ဆက်လက်ပါဝင် ဆောင်ရွက်လျက်ရှိသည်။

ယခင်က အမျိုးသား မိတ်ဆွေတွဲခဲ့ခြင်းမရှိသော်လည်း ယခုအခါ ရုပ်ရှင်မင်းသား လီယိုနာဒိုနှင့်တွဲနေပြီး ချစ်သူအဖြစ် ဆက်လက်ထားရှိလက်တွဲသွားမည်ဟု ဘာရာဖေးလီက ပြောကြားသည်။ *(အင်တာနက်)*

အားကစားအဆင့်အတန်းမြင့်မားအောင်ကြိုးပမ်း၊ စည်းကမ်းရှိရှိယှဉ်ပြိုင်

ရှမ်းပြည်နယ်ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်

နေပြည်တော် မေ ၂၁

ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မေ ၁၈ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် (၁၂)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသား (လူသစ်တန်း) ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဘောလုံးအားကစားသမားများအား ပြည်နယ်ဂုဏ်၊နိုင်ငံဂုဏ်နှင့်အမျိုးသားဂုဏ်ကို မြှင့်တင်ကြရန်၊ အားကစားအဆင့်အတန်းမြင့်မားအောင် ကြိုးပမ်းကြရန်နှင့် စည်းကမ်းရှိရှိ သန့်ရှင်းစွာဖြင့် ယှဉ်ပြိုင်ကစားကြရန် စသည်ဖြင့် မှာကြားသည်။

ပေးအပ်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်နိုင်ရေးအလံကို ဘောလုံးအသင်းအုပ်ချုပ်သူပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ရီထံ ပေးအပ်သည်။

မှာကြား

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၁၉ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ ရွှေဘုန်းပွင့်တောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့အား တောမီးမလောင်စေရေး၊ မီးတားလမ်းများပြုလုပ်ရေး၊ သစ်ခုတ်၊ မီးသွေးဖုတ်မပြုလုပ်စေရေး၊ ရေထွက်တောများ ထိန်းသိမ်းရေးနှင့် ငါးနှစ်အတွင်းသစ်တောများရှင်သန်ဖြစ်ထွန်းရန် စီမံချက်ရေးဆွဲ ဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ မေ ၁၅ ရက်က ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ရပ်မိရပ်ဖများအား မူခင်းကျဆင်းရေးဟောပြောပွဲကျင်းပရာ သုံးခွမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်သိန်း ဟောပြောဆွေးနွေးစဉ်။ (ဝ၂၄)



ထရန်စဖော်မာတပ်ဆင်ရန် ငွေလှူ

မလှိုင် မေ ၂၁

မလှိုင်မြို့နယ် ကံကြီးကျေးရွာအုပ်စု လျှပ်စစ်မီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာတပ်ဆင်ရန် အလှူငွေပေးအပ်ပွဲကို ကံကြီးကျေးရွာ၌ မေ ၁၄ ရက်ကကျင်းပရာ ရှေးဦးစွာ ကံကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းအေးက အမှာစကားပြောကြားပြီး အလှူရှင် ဦးခင်မောင်ဝင်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလှူရှင် မိတ္ထီလာမြို့ အမှတ် ၂ ရပ်ကွက်နေ ဦးခင်မောင်ဝင်း-ဒေါ်ယုယုဝင်း မိသားစု (ဝင်းထီလာဆောက်လုပ်ရေးကုမ္ပဏီ)က ပထမအကြိမ်အဖြစ် အလှူငွေကျပ် ၄၅ သိန်းကို ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရင်ထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ) (ဝ၈၃)**

တွံတေးမြို့၌ ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဟောပြော

ရန်ကုန် မေ ၂၁

တွံတေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဟောပြောပွဲကို မေ ၁၆ ရက် မွန်းလွဲ ၁ နာရီက တွံတေးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး စန္ဒကူးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာအေးသဥ္ဇာခိုင်က ဝက်နားရွက်ပြာရောဂါအကြောင်းနှင့် ရောဂါကူးစက်ခြင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်း ဆွေးနွေးဟောပြောကာ တက်ရောက်လာသူများအားလက်ကမ်းစာစောင်များကို ပေးဝေခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွင်းဆင်းစစ်ဆေး

ဆားလင်းကြီးမြို့နယ် ကျေးရွာရစ်ရွာသို့ ရေဖြန့်ဝေပေးသော ရွာသစ်ကုန်းကျေးလက်ရေပေးရေး စက်ရေတွင်း၏ ရေမြှုပ်ပန့်နှင့် လျှပ်စစ်ဝိုင်ယာကြိုးအသစ်တပ်ဆင်ပြီးစီးမှုကို မေ ၉ ရက်က အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြည်စိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ် ပြန်/ဆက်)

မီးမှန်သမျှ သုံးတတ်က မချမ်းဘေး စဉ်ကင်းဝေး

General လေအေးပေးစက် အရောင်းမြှင့်တင်ပွဲကျင်းပ

ရန်ကုန် မေ ၂၁

General အမှတ်တံဆိပ် လေအေးပေးစက်များ အရောင်းမြှင့်တင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို မေ ၁၈ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ်(၃၄၁-အေ)၌ ကျင်းပရာ စက်မှုဆိုင်ရာ မန်နေဂျာ ဦးတင့်လွင်ဦးက အရောင်းမြှင့်တင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ Summer Promotion အား မေ ၁ ရက်မှ ဇွန် ၁၅ ရက်အထိ ကျင်းပလျက်ရှိကြောင်းနှင့် အရောင်းမြှင့်တင်ရေးကာလအတွင်း ဝယ်ယူသူများအတွက် တပ်ဆင်ခနှင့် အပိုပစ္စည်းများကို လျှော့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

Fujitsu General Limited မှ ထုတ်လုပ်သော General လေအေးပေးစက်များသည် အခန်းတွင်းရှိလေကို အေးမြစေရုံမက ပိုးမွှားနှင့် ဗက်တီးရီးယားပိုးများကိုပါ သန့်စင်ပေးသည့် လေစစ်ဆန်ခါကြောင့် မိသားစုများအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး အထူးကောင်းမွန်သော လေအေးပေးစက်များဖြစ်ကြောင်းနှင့် Fujitsu General Limited သည် မြန်မာပြည်အတွက် တစ်ဦးတည်းကိုယ်စားလှယ် Golden Orchid Ltd. မှ လူနေအိမ်သုံး၊ ရုံးခန်းသုံး Window Type , Split Type, Celling Cassette Type, Floor and Celling Type, Duct Type များအပြင် စားသောက်ဆိုင်၊ ဟိုတယ်၊ ကွန်ဒိုတိုက်ခန်းများ၊ ရုံးအဆောက်အအုံများ၊ Shopping Mall များအတွက် အထူးသင့်လျော်သော Air Stage VRF အမျိုးအစားလေအေးပေးစက်ကြီးများကိုလည်း တင်သွင်းကာ သုံးနှစ်အာမခံဖြင့် ရောင်းချပေးနေကြောင်း သိရှိရသည်။

ဆက်သွယ်မေးမြန်းနိုင်

စက်မှုပစ္စည်းပိုင်းနှင့် ပတ်သက်ပြီး အသေးစိတ်စုံစမ်းသိရှိလိုပါက ရန်ကုန် ဖုန်း-၀၁-၇၀၆၂၂၃၊ ၅၃၆၆၆၆၂၊ ၀၉-၈၅၀၂၄၂၁ သို့ လည်းကောင်း၊ မန္တလေး ဖုန်း-၀၂-၇၄၆၈၂နှင့် ၀၉-၈၇၄၃၁၁၄ တို့ထံသို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

သံရည်ကျိုစက်မှညော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် အမှတ် (၁၀)ရပ်ကွက် ကွက်သစ်(၂)လမ်းရှိ သံရည်ကျိုစက်မှ သံအပိုင်းအစ ထုရိုက်သံများ၊ သံထည်များကို ကားပေါ်သို့ ပစ်တင်သံများဖြင့် နေ့စဉ် ဆူညံနေသည့်အပြင် ဖြတ်စက်ဖြင့် သံထည်အဟောင်းဖြတ်ရာမှ ထွက်လာသော အညော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါသံရည်ကျိုစက်အား သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

မိလ္လာကန်များပြည့်လျှံ ရှင်းလင်းပေးပါရန်

စာတည်းခင်ဗျား-

ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် အဆင့်မြင့်အိမ်ရာ စီမံကိန်း အဆင့်(၄) ရွှေဂုံရိပ်မွန်အိမ်ရာမှ တိုက်များနောက်ဘက်ရှိ မိလ္လာကန်များပေါက်ပြီး မိလ္လာများရေမြောင်းအတွင်း စီးဝင်ပိတ်ဆို့နေရာ ပတ်ဝန်းကျင်တွင်နေထိုင်ကြသူများမှာ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

ဈေးအနီးမှအမှိုက်ပုံ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ တောမဈေးအနီးတွင် အမှိုက်မသိမ်းသည်မှာကြာပြီဖြစ်သည့်အတွက် အမှိုက်ပုံကြီးဖြစ်နေပြီး အနံ့အသက်ဆိုးများ ထွက်နေပါသဖြင့် အဆိုပါအမှိုက်ပုံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူဈေးသားများ

နောက်ဘက်လမ်းကြား၌ တဲထိုးနေ ရေမြောင်းပိတ်ဆို့၍ ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက် ရှမ်းကုန်းလမ်းရှိ အသားကင်ဆိုင်သည် နောက်ဘက်လမ်းကြားတွင် တဲထိုး၍ ရေမြောင်းကို ပိတ်ဆို့ထားခြင်းကြောင့် ရေမြောင်းပိတ်ကာ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ အဆိုပါတဲအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူ

ရွှေသန့်စင်လုပ်ငန်းမှ ညော်နံ့ရှင်းလင်းဆောင်ရွက်ပြီး

၅-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရွှေသန့်စင်လုပ်ငန်းမှ ညော်နံ့ပတ်ဝန်းကျင်မခံနိုင်** စာတည်းထံပေးစာနှင့်ပတ်သက်၍ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၉-၄-၂၀၁၁ ရက်တွင် အဆိုပါရွှေသန့်စင်လုပ်ငန်းအား ပိတ်သိမ်းရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နေ
ဦးတင်ညို-(ဒေါ်စောရီ)တို့၏ တစ်ဦးတည်းသောသား၊
ဒေါက်တာအေးသီခိုင် M.B.,B.S ၏ အစ်ကို

ဗိုလ်ကြီးဝဏ္ဏကျော်သူ

B.C.Sc (D.S.A), M.E (Tech), SMTU

လက်ထောက်ကထိက (ကွန်ပျူတာသိပ္ပံဌာန၊ စစ်တက္ကသိုလ်)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နေ
ဦးမြင့်သန်း-ဒေါ်မာမာဆွေ(မြဘုရင်နို့ဆီ)တို့၏ တစ်ဦးတည်းသောသမီး၊
မောင်ဇေယျမင်း B.Sc(Physics) ၏အစ်မ

မယဉ်ဝေဖြိုး

B.Sc (Maths), Dip. in Eng: (Y.U.F.L), Dip. C.S (Y.U), Dip.G.I (Y.U)

တို့၏ ၁၄-၅-၂၀၁၁ရက်(စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၏ဇနီး ဒေါ်ခင်ဆွေသန်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်အောင်မျိုးထွန်းနှင့် ဇနီးဒေါ်သီဂီဝင်းအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော သုခမ္မမဏိဓောတရေ ဦးဝင်းမောင်နှင့် ဇနီးဒေါ်မြရင်(မြဘုရင်နို့ချက်စက်ရုံ)အားလည်းကောင်း၊ ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ ရဲမှူးချုပ်တင်စိုး၏ဇနီး ဒေါ်သန်းသန်းဆင့်၊ ဒုတိယရဲမှူးချုပ် သူရဘိုနီ၏ဇနီး ဒေါ်ခင်မာလေး၊ ဗိုလ်မှူးချုပ်တင်ထွန်း(ငြိမ်း)နှင့် ဇနီးဒေါ်နန်းဖောင်း၊ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဇနီးဒေါက်တာဒေါ်ဌေးဌေးငြိမ်းအားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)နှင့် ဇနီးဒေါ်ခင်သန်းမြင့်၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာအေးသဇင်ခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးကြသော ဒေါက်တာဖြိုးဖြိုးကျော်နှင့် ဒေါက်တာအေးသန္တာကို၊ သတို့သားအရံ ဗိုလ်ကြီးခိုင်စိုးသန့်နှင့် ဗိုလ်ကြီးမောင်မောင်ထက်နိုင်၊ သတို့သမီးအရံ ဒေါက်တာဥက္ကာဇင်နှင့် ဒေါက်တာအေးပြည့်စုံ၊ မင်္ဂလာအခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်နှင့် ဦးဝင်းတင်၊ မင်္ဂလာစောင်း ခင်မာသီ၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် မဟေမာနေဝင်းနှင့် မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော စန္ဒရားဒေါက်တာဦးသိန်းမြင့်သန်း တေးဂီတအဖွဲ့အားလည်းကောင်း၊ စိန်ရတနာများဆင်မြန်းပေးပါသော ပွင့်ဖြူစိန်တိုက်၊ တိမ်လွှာအလှ ဆင်ယင်ပေးပါသော Myanmar Carbonix၊ မီးအလှဆင်ပေးပါသော မီးငယ်(Disco Light)၊ ပန်းအလှဆင်ပေးသော လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများဖန်တီးပေးပါသော မမဇူး(Zu Zu Collection)၊ မိတ်ကပ်နှင့်ဆံပင်အလှ ဖန်တီးပေးပါသော စိုးစိုးနှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများကို ပုံနှိပ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်၊ Pre Wedding Photo ရိုက်ကူးပေးပါသော 7 Picture Photo Studio၊ Sedona Hotel မှ မလီလီနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၇-၅-၂၀၁၁ရက်(စနေနေ့)တွင် Sedona Hotel (Executive Club)၌ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးမျိုးမြင့်၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒုတိယဗိုလ်မှူးကြီး အောင်သန်းနှင့် ဇနီးဒေါ်ဥမ္မာနိုင်၊ လက်ပိုင်းဆိုင်ရာခွဲစိတ်အထူးကုပါမောက္ခ ဒေါက်တာဦးခင်မောင်မြင့်နှင့် ဇနီးဒေါ်မေထားအောင်တို့အားလည်းကောင်း၊ ၁၃-၅-၂၀၁၁ရက်(သောကြာနေ့) နေအိမ်ဂေဟာတွင် ပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးအလှူသို့ ကြွရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၂၁-၅-၂၀၁၁ရက်(စနေနေ့) ပြင်ဦးလွင်မြို့ မြနန်းတော်ဟိုတယ်၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတစ်ရပ်လုံး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဝဏ္ဏကျော်သူ-မယဉ်ဝေဖြိုး။

ဧည့်စပ်ကြောင်းလမ်းပြီးစီးခြင်း

နေပြည်တော်ခရိုင်၊ ဇမ္ဗူသီရိမြို့နယ်နေ
ဦးဝင်းစိန် (လက်ထောက်အထွေထွေမန်နေဂျာ၊ ကုန်းလမ်းပို့ဆောင်ရေး) -
ဒေါ်ခင်ယုမေ (ဒုတိယဦးစီးမှူး၊ အ·လ·ည၊ ပခုက္ကူမြို့)တို့၏သား

မောင်ဟိန်းသူဝင်း (B.Agr.Sc)

မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းဖြတ်မြို့

နှင့်

ကျိုင်းတုံမြို့နေ
ဦးမျိုးချစ် (ဒုတိယညွှန်ကြားရေးမှူး၊ တ·သ·ခ-ငွေ) -
ဒေါ်အေးအေးမြင့် (တ·သ·ခ-ငွေ) တို့၏သမီး

မဇာဇာချစ် (M.C.Sc.Thesis)

တို့သည် ၂၁-၅-၂၀၁၁ရက်(စနေနေ့)တွင် ကျိုင်းတုံဟိုတယ်သစ်၌ နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် ဧည့်စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဟိန်းသူဝင်း-မဇာဇာချစ်။

ရောင်းမည်

ပေ ၃၀×ပေ ၅၀၊ RC နှစ်ထပ်
တိုက်သစ်၊ မီတာနှစ်လုံး၊
ရေ၊ မီး၊ ဖုန်း
မေတ္တာညွန့်၊ တာမွေ
ဖုန်း-၀၁-၅၄၀၁၉၂၊
၀၉-၇၃၁၀၅၈၇၇။

အမည်ပြောင်း

ဦးထွန်းလှိုင်၏သား မြစ်ကြီးနားမြို့၊ အထက(၃)၊ နဝမတန်း(အေ)မှ မောင်ဇေပိုင်အောင်အား မောင်ဉာဏ်ထွဋ်စံဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဉာဏ်ထွဋ်စံ။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အမက(၁) စတုတ္ထတန်း(အေ)မှ မောင်ဆိုင်းထွယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ဦး ၁/မကန(နိုင်)၁၆၂၀၆၃ ဖြစ်ပါသည်။

သွေးသည် အသက်

ကိုကိုမောင်ကြီး ရေးသားသည့် ကျွန်တော်သိသောတစ်ရံရောအခါများစာအုပ် ထုတ်ဝေဖြန့်ချိ

ရ ၂၁

မြန်မာ့နိုင်ငံရေးလောကတွင် ဝါရင့်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် ကိုကိုမောင်ကြီး (ဦးချစ်လှိုင်)၏ နှစ်ပေါင်းများစွာ ဖြတ်သန်းကျင်လည်ခဲ့သော ဘဝပုံရိပ်များကို မှတ်တမ်းပြုရေးသားထားသည့် ''ကျွန်တော်သိသော တစ်ရံရောအခါများ'' စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ဖြန့်ချိရောင်းချလျက်ရှိသည်။

ဝယယရရှ

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၅၅၀၀ဖြင့် စာပေဗိမာန်စာအုပ်ဆိုင် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် (သိမ်ဖြူလမ်း၊ ရန်ကုန်မြို့)၊ အင်းဝစာပေ (ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့)၊ ထွန်းဦးစာပေဖြန့်ချိရေး(မန္တလေးမြို့)နှင့် နဂါးစာပေ (မန္တလေးမြို့) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (,ဥ)

ကတ္တရာထပ်ပိုးလွှာ အုတ်ဖို၌ ခင်းမည်

၂၁

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြလမ်းများဖြစ်သော ဆေးရုံဟောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းနှင့် ကျောင်းကြီးတန်းလမ်းဂဝံခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွေးနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထိန်လင်းတို့ ကြည့်ရှုစစ်ဆေးရာ ဆောင်ရွက်မည့်အစီအစဉ်ကို အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်တင့်တို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(ယ)

ကုမ္ပဏီနှစ်ပတ်လည်အခမ်းအနားကျင်းပ

ရ ၂၁

MLM Gano Trading Co., Ltd (Gano Excel Myanmar) ၏ (၈) ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို မေ ၁ ရက် ညနေ ၆ နာရီတွင် Traders Hotel (Ballroom-I) ၌ ကျင်းပရာ တာဝန်ရှိသူများက အနယ်နယ်အရပ်ရပ်မှ တက်ရောက်လာသူ အသင်းဝင် ၄၆၀ ခန့်အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ကံစမ်းမဲအစီအစဉ် ဆက်လက်ကျင်းပရာ ကျပ်သိန်း ၁၀၀ တစ်ဆု ( )၊ ကျပ် ၁၀ သိန်း သုံးဆု၊ ကျပ် ငါးသိန်း ၁၀ ဆု၊ LCD TV နှစ်ဆု တို့ကို ကံထူးရှင်များအား ဆုချီးမြှင့်သည်။

ဆက်လက်၍ အသင်းဝင်များထဲမှ ထူးချွန်သူတစ်ဦးအား ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်ပြီး ကျန်ထူးချွန်သူများအား ဂုဏ်ပြုဆုလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (:)

တီရှားနာက်ကူးစက်ရောဂါအကြောင်း ကလေးမြို့၌ ဟောပြော

: ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် တီရှားနာက်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေးဟောပြောပွဲကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလင်းထင်က အမှာစကားပြောကြားပြီး ကလေးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ မိုးမိုးခိုင်နှင့် ဒုတိယ ဦးစီးမှူးတို့က ဝက်နားရွက်ပြာရောဂါနှင့် ကျွဲနွားကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး အကြောင်း ပညာပေးဟောပြောခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ ( )

ရ : ငြ: ၁ : ၂၀၁၁ ၂၀၁၂
:ရ : ား ၁၀ : : ား
၁၈ ရ ယ : : ရာ ရး
ဦး ၁ ဇာ ယ ရး ဦးဝ : . ၂၀၁၁ ၂၀၁၂
: ၁၀ ား : ,ဥ။ (၁၃၅)

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

၁ ၂၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၂၂ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူလိုပါသည်-

(က)	Newsprint Paper 48.8 Gsm(30")	3000	Tons
(ခ)	Woodfree Paper 70Gsm (500 Shts/Pkt) (31"x43")	300	Pkts
(ဂ)	Web Offset Ink Black	45000	Kgs
(ဃ)	Sheetfed Offset Ink Black	4500	Kgs
(င)	**P.S Negative Plate**		
	(၁) 915x626x0.3 mm	1500	Shts
	(၂) 889x609x0.3 mm	2500	Shts
	(၃) 889x586x0.3 mm	6000	Shts
(စ)	P.S Negative Plate Developer	450	Liters
(ဆ)	**Wipeon Aluminium Plate**		
	(၁) 745x635x0.24 mm	2000	Shts
	(၂) 650x550x0.24 mm	3000	Shts
(ဇ)	Coating A+B Set	720	Sets
(ဈ)	Developing Lacquer	120	Liters
(ည)	Ortho Film (Sheet) (22"x32")(50 Shts/Box)	300	Rolls
(ဋ)	Film Developer (10 Lit/Box)	100	Boxes
(ဌ)	Film Fixer (5 Lit/Box)	100	Boxes
(ဍ)	**Rubber Blanket with T-Bar**		
	(၁) 890x625x1.65 mm	50	Shts
	(၂) 890x 625x1.65 mm(XCel)	50	Shts
(ဎ)	Rubber Blanket(675x645x1.95)mm	100	Shts
(ဏ)	Gum Arabic	500	Liters
(တ)	**နေပြည်တော် (Imagesetter)**		
	(၁) Film (76.8 cmx 61m)	60	Rolls
	(၂) Developer	120	Liters
	(၃) Fixer	120	Liters
(ထ)	**ရန်ကုန်(Imagesetter)**		
	(၁) Film (61 cmx 60m)	72	Rolls
	(၂) Developer	150	Liters
	(၃) Fixer	150	Liters
(ဒ)	Fountain Solution	360	Liters
(ဓ)	Plate Cleaner	360	Liters

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ရက် ၁၅း၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

jyefMum;a&;0efMuD;Xme
owif;Eifh pm,Zif;vkyfief;twGuf
pufypönf;rsm;0,f,l&ef
wifgac:,lcif;

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် စက်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Spare Parts	1 Lot.
(ခ)	Web Offset Printing Machine (4 Colour)	1 No.
(ဂ)	C T P Machine	1 No.

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ရက် ၁၅း၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄။

jyefMum;a&;0efMuD;Xme
jrefmhtoHEiféyf&kyfoHMum;twGuf
pufypönf;rsm;0,f,l&ef
wifgac:,lcif;

၁။ ပြန်ကြားရေးဝန်ကြီးဌာနမြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) 50 W TV. TX Transmitter — 4 Sets
(ခ) လုပ်ငန်းသုံးပစ္စည်းများ
- (၁) အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ — ၉ မျိုး
- (၂) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ — ၁၇ မျိုး
- (၃) ရုံးသုံးစက်ကိရိယာများ — ၁၁ မျိုး

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ရက် ၁၅း၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄။

ဖြူးမဟာစည်ရိပ်သာ (ရန်ကုန်)

[illegible]

au;Zl;awmf&Sf jzL;q&mawmf wnfaxmifoD;oefjyK oD;ifo;Hawmfcsm &efuefcd vdkfcde,f trSwf(5) &yfuGuf "r®uxd jzL;r[mpnfoD;oemkyfomaumif wdkuftwGuf q&mawmf pHGEfawmfrLcif;xm;&Sdawmfrlcsif aom oD;oemjyKo0g'qEÁawmfrm; 0DxdyfefqifUum y"meem,u q&mawmfb'Ët*Qd& "r®p&d M.A. Ph.D(Thesis) University of Sanskrit ESihwynfu;D oHmawmfrm;? 'um-'umrrm; paygifí abmZeonvm qGpm;aumif;awmfu;D aqmufvyfvSgefvsuf&Sm rwnfjzpfap? wpf0Dvnfjzpfap paygifíjzpfap yg0if vSgefvdkrm;onf zef-530068? 530113? 054-40012? 40771 aumiftu©dqmiftzGJodYqufoG,f vSgefEdkifygonf

မဟာသုံ့ဿာရရုပ်ရှင်တော်မြတ်ကြီးပူဇော်ပွဲ
မည်သူမဆို ဖူးမြော်ပူဇော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ပူဇော်မည့်ရက် - ၂၂-၅-၂၀၁၁ရက် (တနင်္ဂနွေနေ့၊ မွန်းလွဲ ၂ နာရီမှ)
၂၄-၅-၂၀၁၁ ရက်(အင်္ဂါနေ့၊ မွန်းလွဲ ၂ နာရီအထိ)
ပူဇော်မည့်နေရာ - အောင်သပြေကုမ္ပဏီ
ဖယောင်းပုဆိုး၊ ကော်ဇောအရောင်းပြခန်း
အမှတ် ၁၂၆၊ မြေညီ၊ ဘားလမ်း၊ မြို့တော်ခန်းမရှေ့၊
(မောနွေလခရစ်ယာန်ဘုရားကျောင်းဘေး)၊ ရန်ကုန်၊
ဒါရိုက်တာအဖွဲ့
အောင်သပြေကုမ္ပဏီ။





ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ မြေကွက်အမှတ် ၅၄ဟု ခေါ်တွင်သော ပေ(၅၀×၅၀)မြေကွက်ကို လက်ရှိထားပိုင်ဆိုင်သည့် လီကိန်းချုပ်(ခ) ဦးဝင်းနိုင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နွယ်နီအောင်က စရန်ငွေပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း တရားဥပဒေနှင့်အညီ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဦးအောင်ခိုင် LL.B., Advocateship (စဉ်-၂၄၆၄)
ဒေါ်မြင့်မြင့်အေး B.A. (Law), LL.B (စဉ်-၂၄၀၃)
တရားလွှတ်တော်ချုပ်ရှေ့နေများ
ရုံးအမှတ် ၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
အိမ်အမှတ် ၉၄+၇၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ရုံးဖုန်း-၃၇၇၂၇၆၊ အိမ်ဖုန်း-၅၁၃၄၇၃၊ ၅၃၅၆၇၃။

ငွေချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပေါင်းတည်မြို့နယ်တရားရုံးတော်၌
၂၀၁၀ ခုနှစ် တရားမကြီးအမှုအမှတ်-၉၆

ဦးဝတင် **နှင့်** ၁။ ဒေါ်မွေးရင် ၂။ ဒေါ်တင်စိန် ၃။ ဒေါ်အုန်းမြင့် ၄။ ဒေါ်သန်းမြင့် ၅။ ဒေါ်အုံးမြ ၆။ ဒေါ်စန်းမြင့် ၇။ ဒေါ်တင်ရီ ၈။ ဦးခင်မောင်ဝင်း ၉။ ဦးအေးရွှေ ၁၀။ ဒေါ်ခင်သိန်း ၁၁။ ဦးသန်းဝင်း ၁၂။ ဒေါ်မြင့် ၁၃။ ဦးမြင့် ၁၄။ ဦးရှိန် ၁၅။ ဦးလှရွှေ ၁၆။ ဦးကျော်အောင်

တရားလို — တရားပြိုင်များ

ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ရှားစီးဘိုကျေးရွာတွင် နေထိုင်သည့် တရားပြိုင်ဒေါ်မြင့်နှင့်ဦးမြင့် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကွယ်လွန်သူဦးမြကဲနှင့် ဒေါ်မယ်ကြင်တို့၏ ကျန်ရစ်သော အမွေပစ္စည်းများအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဇွန် ၆ရက် (၁၃၇၃ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ပေါင်းတည်မြို့တရားရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် မေ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ညိုညိုဆန်း
တွဲဖက်မြို့နယ်တရားသူကြီး
ပေါင်းတည်မြို့။

uefUuGufEdkifygaMumif;

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် ၄၄၇/ခ၊ မြေကွက်တည်နေရာအမှတ် ၄၄၇/ခ ဒေါ်ခင်မြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မြင့်နှင့်ခင်ပွန်း ဦးအောင်ဝင်း ကွယ်လွန်သဖြင့် ဒေါ်ခင်အေးဝင်း ၇/လပတ(နိုင်) ဝ၁၄၆၉၄၊ ဒေါ်သင်းသင်းဝင်း ၁၂/ဥကတ(နိုင်)ဝ၁၄ဝ၉၁၊ ဦးညိုဝင်း ၁၂/ဥကတ(နိုင်)ဝ၁၄ဝ၈၉၊ ဦးဇင်မျိုးအောင် ၁၂/ဥကတ(နိုင်)၁၃၇၁၁၁၊ ဦးအောင်မင်းထွဋ် ၁၂/ဥကတ(နိုင်)၁၆၆၂၆၈၊ မမေလှဲဦးတို့က သားသမီးနှင့် မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန် အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်ရှိ အိမ်အမှတ် ၂၁၅ ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် ယင်းအဆောက်အအုံတည်ရှိရာအကွက်အမှတ် ၄၃/၂၊ ကန့်ကူး ၇၆၊ ဦးပိုင်အမှတ်၄၆/က၊ မြေချိန်ဇရိယာ ဝဒသမ ဝ၆၉ဇကေရှိ ဂရန်မြေကွက်နှင့်ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိပါကြောင်း ပြောဆိုလာသူ ဒေါ်သောင်းတင် ၁/ဗမန(နိုင်)ဝ၃၈၈၃၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီမှုရရှိပြီးဖြစ်ပါ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သန်း (စဉ်-၂၂၅၅၀)
ဥပဒေဘွဲ့၊ အထက်တန်းရှေ့နေ
အမှတ် ၄၆၆၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၉-၄၇၀၀၀၉၆၃။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၁၁ ခုနှစ် ဇာရီမှုအမှတ်-၃၆

မန်နေဂျာ **နှင့်** ၁။ ဒေါ်တင်နု
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်အေးအေးသန်း
သာစည်မြို့။
တရားနိုင် — **တရားရှုံးများ**

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၃ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၁ ခုနှစ် ဇွန် ၂၁ ရက် (၁၃၇၃ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

သာစည်မြို့၊ ရွာကြီးကျေးရွာ၊ ကွင်းအမှတ် (၁၈၁၀၊ ရွာကြီးတောင်)၊ ဦးပိုင်အမှတ် ၉၀/၂၊ မြေချိန်ဧရိယာ ၀ ဒသမ ဝ၆၈ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ (၂၆×၁၈×၂၁) ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အပေါ်လျှာထိုးခင်း၊ အောက်ထပ်ကွန်ကရစ်ခင်း၊ ကျွန်းမျက်နှာကြက်၊ လူနေနှစ်ထပ်တိုက်နှင့်တွဲလျက် (၉×၁၀)ပေ စမုဒ်ဆောင်၊ (၂၂×၁၈×၉)ပေသွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ ရက်ကန်းစက်ရုံ၊ (၁၇×၈×၉)ပေ မီးဖိုချောင်၊ ရေချိုးခန်း၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၅၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၁ ခုနှစ် မေ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်ဝင်းဆွေ
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
[illegible]
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၆၂
၂၀၁၁ခုနှစ် တရားမဇာရီမှုအမှတ်-၃၇၈

ဦးစိန်သန်း **နှင့်** ၁။ ဦးသန်းမြင့်ဦး
၂။ ဦးစိန်သန်း
၃။ ဒေါ်ငွေးစိန်
၄။ ဦးသန်းဦး
၅။ ဦးသန်းထွေး
ဒီကရီအနိုင်ရသူ — **တရားရှုံးများ**

အမှတ်(၂)တရားရှုံး ဦးစိန်သန်း၊ ဦးပိုင်အမှတ် ၈၈၊ အကွက်(ဂ)၊ ထွန်းတုံးရပ်ကွက်၊ ၅၂ လမ်းနှင့် ပိတောက်လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၆၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၁ခုနှစ် ဇွန် ၁၇ရက် (၁၃၇၃ခုနှစ် နယုန်လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၁ခုနှစ် မေ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးစိုးအရာရှိ
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နာယကဂုဏ်ခြောက်ပါးနှင့်အညီ စံပြအဖြစ် ကျင့်ကြံ၊ ပြောဆို၊ လုပ်ကိုင် ဆွေးနွေးပို့ချချက်များကို လက်တွေ့လိုက်နာကျင့်သုံး

နေပြည်တော် မေ ၂၁

အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးနှင့် သင်ယူတတ်မြောက်မှုအရည်အသွေး မြင့်မားရေးတို့အတွက် သင်တန်းကပို့ချလိုက်သော သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍအလိုက် စစ်ဆေးကြပ်မတ်ရေးဆိုင်ရာ ဆွေးနွေးပို့ချချက်များကို အပြည့်အဝရယူ၍ လက်တွေ့လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာအရ နာယကဂုဏ်ခြောက်ပါးနှင့်အညီ ကိုယ်တိုင်စံပြအဖြစ် ကျင့်ကြံ၊ ပြောဆို၊ လုပ်ကိုင်နေထိုင်ကြရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်း အုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၅/၂၀၁၁) ဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၂ ✻

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကမ္ဘာကျော် တိုက်ဂါးဝုဒ် အဆင့် ၁၀ အောက် ကျဆင်း။

(စာ - ၁၁)

ဘောလိဝုဒ်ရုပ်ရှင်မင်းသမီး မာနီရှာကိုအီရာလာ သီရိလင်္ကာ ရုပ်ရှင်ပွဲတော် တက်ရောက်။

(စာ - ၁၁)

ပုသိမ်မြို့နယ်အတွင်း တောဆင်ရိုင်းသုံးကောင် ဖမ်းဆီးရမိ၊ ငွေဆောင်ကမ်းခြေ ဆင်လေ့ကျင့်ရေးစခန်း၌ ထိန်းသိမ်းထား။

(စာ - ၁၀)

စဉ့်ကိုင်၌ စပါးခွံလောင်စာသုံး ရေတင်အင်ဂျင်စက်အသုံးပြု ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးရေဖြန့်ဝေပေးနိုင်

သတင်းမှတ်စု - မြတ်စိုး(လှိုင်)
ဓာတ်ပုံ - ရန်နိုင်ဝင်း(လှိုင်)

နေပြည်တော် မေ ၂၁

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ရွှေလှံဗိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် စိုက်ပျိုးရေပေးဝေရန် စပါးခွံလောင်စာသုံး ရေတင်အင်ဂျင်စက် အသုံးပြု၍ ရေတင်လျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●

စပါးခွံလောင်စာသုံး Gasifier ရေတင်စက်များကို ဤသို့ တွေ့ရသည်။